# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟာဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၉၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင် ဒလသင်္ဘောကျင်းရှိ တန်-၁၅၀၀ တွဲရေယာဉ်အသစ်အား ကြည့်ရှုစဉ်။

# ဒလသင်္ဘောကျင်းသည် မြန်မာနိုင်ငံ၏ ရေကြောင်းကဏ္ဍသမိုင်းကို အစပျိုးခဲ့သည့် သင်္ဘောကျင်းတစ်ခု ဖြစ်ခြင်းကြောင့် အစဉ်အလာကြီးမားသည့် သမိုင်းဝင် သင်္ဘောကျင်းတစ်ခုဟု ဆိုရမည်ဖြစ်

## ဒလသင်္ဘောကျင်း၏ စွမ်းအားကို ရယူ၍ ကမ်းရိုးတန်းရေကြောင်းမှ ကုန်စည်ပို့ဆောင်နိုင်ရေးကို တိုးမြှင့်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ ◆


**ယနေ့ ဖတ် စ ရာ**


ဆိုက်ဘာလုံခြုံရေးဥပဒေပြဋ္ဌာန်း

ဥပဒေ | စာ ၆

နှစ်သစ်ကူးနေ့တွင် ကမ္ဘာ့လူဦးရေမှာ ၈ ဒသမ ၀၉ ဘီလီယံ ရှိလာ

နိုင်ငံတကာသတင်း | စာ ၁၄



လွတ်လပ်ရေးရပြီး ၇၇ နှစ် ခရီး ...

ဆောင်းပါး | စာ ၁၀

နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) ပန်းပွဲတော်သို့ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေသူများနှင့် စည်ကားများပြားလျက်ရှိ



ပြည်တွင်းသတင်း | စာ ၁၇

# သာယာဝပြောသည့် လူ့ဘောင်တည်ဆောက်

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းက ရရှိသည့် မြန်မာနိုင်ငံအတွင်းရှိ လူဦးရေမှာ ၅၁၃၁၆၇၅၆ ဦး ဖြစ်ကြောင်း အသိပေးကြေညာလိုက်ရာ ဆယ်နှစ်တာကာလ အတွင်း မိမိတို့နိုင်ငံ၏ လူဦးရေမှာ တိုးလာခြင်းမရှိဘဲအနည်းငယ် ယုတ်လျော့သွားကြောင်း ကိန်းဂဏန်းများက ပြဆိုနေသည်။ ၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူရာတွင် လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် အချို့ မြို့နယ် များတွင် လူဦးရေကို ခန့်မှန်းတွက်ချက်မှု ပြုလုပ်ခဲ့ရကြောင်းနှင့် စာရင်းမကောက်ယူနိုင်သည့် ဒေသများ၏ ခန့်မှန်းလူဦးရေမှာ ၁၉ ဒသမ ၁ သန်းကျော်ရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ယင်းနှစ် မတ်လ ၂၉ ရက် ညပိုင်းတွင်ရှိသော မြန်မာနိုင်ငံ၏ လူဦးရေ စုစုပေါင်းမှာ ၅၁၄၈၆၂၅၃ ဦး ဖြစ်သည်။ ထိုစဉ်က ပြည်နယ်သုံးခုမှ သန်းခေါင် စာရင်းမကောက်ယူနိုင်သည့် ခန့်မှန်းလူဦးရေ ၁ ဒသမ ၂ သန်း ကျော် ပါဝင်သည်။ မြန်မာနိုင်ငံ၏ လူဦးရေတိုးနှုန်းသည် ၁၉၇၃ မှ ၁၉၈၃ ခုနှစ်အတွင်း ၂ ဒသမ ၀၂ ရာခိုင်နှုန်း၊ ၁၉၈၃ မှ ၁၉၉၃ ခုနှစ်အတွင်း ၁ ဒသမ ၄၁ ရာခိုင်နှုန်း၊ ၁၉၉၃ မှ ၂၀၀၃ ခုနှစ် အတွင်း ၁ ဒသမ ၃၈ ရာခိုင်နှုန်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ၀ ဒသမ ၈၉ ရာခိုင်နှုန်း စသည်ဖြင့် ဆယ်စုနှစ်အလိုက် လူဦးရေ တိုးနှုန်း တစ်သမတ်တည်း ကျဆင်းခဲ့ခြင်းဖြစ်ရာ ၂၀၁၄ မှ ၂၀၂၄ အထိ ဆယ်နှစ်တာကာလအတွင်း မွေးဖွားမှု၊ သေဆုံးမှု၊ ရွှေ့ပြောင်းမှု အခြေအနေအရပ်ရပ်တို့က နိုင်ငံ၏ လူဦးရေအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကို အခြေခံ၍ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ခန့်မှန်း လူဦးရေမှာ ၅၆ ဒသမ ၂ သန်းရှိကြောင်း တွက်ချက်ဖော်ပြထုတ်ပြန် ထားခဲ့ရာ ဆယ်နှစ်တာကာလအတွင်း လူငါးသန်းခန့် တိုးမလာ ဘဲ လွန်ခဲ့သည့် ဆယ်နှစ်ကရှိခဲ့သည့် လူဦးရေအောက် တစ်သိန်းခွဲ နှစ်သိန်းနီးနီး လျော့ကျသွားခြင်းအပေါ် အဖြေရှာ၍ မဖြစ်မနေ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၈၀၀၀ ကျော်လွန်နေပြီဖြစ်ပြီး မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော နိုင်ငံများတွင် ကမ္ဘာ့ လူဦးရေအများဆုံး နိုင်ငံကြီး နှစ်နိုင်ငံ ပါဝင်နေသကဲ့သို့ ကမ္ဘာ့ လူနေအသိပ်သည်းဆုံး နိုင်ငံလည်း ပါဝင်နေသည်ကို သတိပြု ကြရန်လိုသည်။ လူဦးရေသည် နိုင်ငံတစ်နိုင်ငံ၏ အင်္ဂါရပ်တစ်ခု ဖြစ်သကဲ့သို့ ပထဝီနိုင်ငံရေးအရလည်း အရေးပါသည့် အချက် တစ်ရပ်ဖြစ်သည်။ နိုင်ငံ့လူဦးရေအရွယ်အစား (Size) နှင့် သိပ်သည်းမှု (Density) တို့သည် နိုင်ငံ၏ အင်အားကို တွက်ချက် ရာတွင် အခြေခံအချက်တစ်ခုဖြစ်ပြီး နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ (Foreign Policy) နှင့် နိုင်ငံ၏ အရှိန်အဝါ (State Power) တို့အတွက်လည်း အခြေခံရသည့်အချက်ဖြစ်သည်။

နိုင်ငံ၏ လူဦးရေသည် နိုင်ငံ၏ လူသားအရင်းအမြစ် ပမာဏပင်ဖြစ်ပြီး စားရေရိက္ခာဖူလုံရေး၊ အမိုးအကာ လုံခြုံစွာ နေထိုင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပြည့်စုံစွာရရှိရေး၊ ကျောင်းနေအရွယ်အားလုံး ပညာသင်ကြားနိုင်ရေး စသည်တို့ ဖန်တီးဖော်ဆောင်ပေးကာ နိုင်ငံတည်ဆောက်ရေးအတွက် တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားများ ပြုစုပျိုးထောင်ရန်လိုသည်။ လူသားအရင်းအမြစ်မှ ပေါ်ထွက်လာသော ကာယစွမ်းအား၊ ဉာဏစွမ်းအားတို့ကို နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် ရာတွင် ထိထိရောက်ရောက် အသုံးပြုသွားနိုင်ရန်လည်း လိုသည်။ ပြည်တွင်း၌ ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ၊ မတည်ငြိမ်မှုများနှင့် ဆက်စပ်ဖြစ်ပေါ်နေသည့် အကျိုးဆက် များမှာ မြန်မာ့လူ့ဘောင်တစ်ခုလုံး၏ ကဏ္ဍအသီးသီးတို့အပေါ် တွင် ရိုက်ခတ်မှုကြီးမားသည်။ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးတို့၏ ရှေ့သို့တိုးရမည့် ခြေလှမ်းများကို အနှောင့်အယှက် အဟန့်အတား ဖြစ်ပေါ်စေပြီး ဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်နှေးစေသည်။

တည်ငြိမ်အေးချမ်း၍ သာယာဝပြောသည့် လူ့ဘောင်သည် သာ နေပျော်သည့်လူမှုဘဝများကို ဖြစ်ထွန်းစေမည်ဖြစ်သည့် အလျောက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ဒေသများ တည်ငြိမ်အေးချမ်းရေးတို့ကို ပြည်သူများ ပူးပေါင်းပါဝင်သည့် စုပေါင်းအားဖြင့် ဖော်ဆောင်ကာ နိုင်ငံဖွံ့ဖြိုးရေးနှင့် နိုင်ငံ့ လူဦးရေတိုးတက်ရေးဆီသို့ ဦးတည်ဆောင်ရွက်ကြရပါမည့် အကြောင်း။ ။



## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။
၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။
၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။
၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့် ဆောင်ရွက်ရေး။
၅။ “ရှေ့သို့ချီမည်ပန်းတိုင်ဆီ” ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက် လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။










## (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ၂၀၀ ကျပ်တန် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် (၃) မျိုး ရောင်းချပေးမည်

**နေပြည်တော် ဇန်နဝါရီ ၁**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းသည် “(၇၇) **နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်**” ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၃) မျိုးအား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ (၄) ရက်၊ မြန်မာသက္ကရာဇ် **၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း (၆) ရက် (စနေနေ့)၊ နံနက် ၉ နာရီခွဲမှစတင်၍** နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ (၄) ရက်၊ (စနေနေ့)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲ အမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**တောင်ငူ ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ကျက်သရေဆောင် ရေးဟောင်း သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ၂၀၂၅ ခုနှစ်၊ နှစ်ဦးမင်္ဂလာ (တတိယအကြိမ်) အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီက ဘုရားကိုးဆူအာရုံခံ၌ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အောင်မြင်ဇေယျုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇဝနထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အောင်မြင်ဇေယျုံစာသင်တိုက်မှဆရာတော် ဦးကုဿ ရိယက နတ်ဖြပ္ပမ္ဘာများကို ဖိတ်ကြားပြီး ရွှေစံသာကျောင်းဆရာတော် ဦးစန္ဒောဘာသက ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းဂါထာကို ဖတ်ကြားသည်။ ဆက်လက်၍ သံဃာတော်အရှင်မြတ်တို့က ပဋ္ဌာန်း ပစ္စယုဒ္ဒေသ ပါဠိတော်ကို ရွတ်ဖတ်ပူဇော်ပြီး အလှည့်ကျ အရှင်မြတ်က ဆက်လက်ရွတ်ဖတ်ပူဇော်သည်။ **ခရိုင် (ပြန်/ဆက်)**



မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | စိုးစိုးနိုင် | **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းမှူး** | - | မြင့်စိုး | **အကြီးတန်း** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - | ဝင်းကျော်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | | |
| **စာပြင်** | - | ဇော်မင်းသန်းနှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




ပုဂံရှုခင်း ဓာတ်ပုံ - ကျော်မျိုးသီဟ(ပြန်/ဆက်)

**နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲ မှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသား အဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်း ဖိတ်ခေါ်ကြိုဆိုလျက်ရှိတယ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၁-၁-၂၀၂၄ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒလသင်္ဘောကျင်း၏ သမိုင်းဝင် ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံကို ရှေးမူမပျက် အကြီးစားပြန်လည်မွမ်းမံပြီးစီးမှု ကမ္ပည်းမော်ကွန်းကျောက်စာနှင့် သမိုင်းဝင်အဆောက်အဦ ဆိုင်းဘုတ်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

◆ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒလသင်္ဘောကျင်းမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒလသင်္ဘောကျင်းသို့ ရောက်ရှိကြရာ ဒလသင်္ဘောကျင်းမှ မိသားစုဝင် ကလေးငယ်လေးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် သမိုင်းဝင် ဒလသင်္ဘောကျင်းနှစ်(၁၅၀)ပြည့် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ၁၉၀၈ ခုနှစ်တွင် တည်ဆောက်ထားခဲ့ပြီး ပြန်လည်အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ထားသော အမှတ်-၁ လွှန်းလမ်း၊ လွှန်းလှည်းအသစ်နှင့် တန်-၁၅၀၀ တွဲရေယာဉ်အသစ်တို့အား ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၇၅ ခုနှစ်က တည်ဆောက်ထားခဲ့သော ဒလသင်္ဘောကျင်း၏ သမိုင်းဝင် ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံကို ရှေးမူမပျက် အကြီးစားပြန်လည်မွမ်းမံပြီးစီးမှု ကမ္ပည်းမော်ကွန်းကျောက်စာနှင့် သမိုင်းဝင်အဆောက်အဦ ဆိုင်းဘုတ်တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအတွင်း ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည်ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ဒလသင်္ဘောကျင်းသည် မြန်မာနိုင်ငံ၏ ရေကြောင်းကဏ္ဍသမိုင်းကို အစပျိုးခဲ့သည့် သင်္ဘောကျင်းတစ်ခုဖြစ်ခြင်းကြောင့် အစဉ်အလာကြီးမားသည့် သမိုင်းဝင် သင်္ဘောကျင်းတစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း၊ သမိုင်းအထောက်အထားများအရ **"ခေတ်မီသင်္ဘောကျင်းအစ ဒလ က"** ဟု ခေါ်ဆိုမှတ်တမ်းတင် မော်ကွန်းပြုရမည့် သင်္ဘောကျင်းလည်း ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို အခုကဲ့သို့ ကျင်းပရခြင်းဖြစ်ကြောင်း။

**နိုင်ငံပိုင်သင်္ဘောကျင်း**

မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ကိုလိုနီခေတ် ဧရာဝတီ ဖလော်တီလာကုမ္ပဏီမှ သန္ဓေတည်လာခဲ့သည့် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ဧရာဝတီဖလော်တီလာကုမ္ပဏီသည် ဒလသင်္ဘောကျင်းကို ၁၈၇၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် ကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်ကို စတင်ထည့်သွင်းခဲ့သည်ကို တွေ့ရကြောင်း၊ ၁၉၄၈ ခုနှစ်၊ ဇွန် ၁ ရက်တွင် ဧရာဝတီဖလော်တီလာကုမ္ပဏီကို နိုင်ငံပိုင်ပြုလုပ်ခဲ့သည့်အတွက် ဒလသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သမိုင်းစဉ်နှင့်အတူ ယှဉ်တွဲတည်ရှိ ရှင်သန်ခဲ့သည့် နိုင်ငံပိုင် သင်္ဘောကျင်းတစ်ခုဖြစ်လာခဲ့ကြောင်း။ ***စာမျက်နှာ ၄ သို့***



ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ပြန်လည်အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ထားသော အမှတ်-၁ လွှန်းလမ်း၊ လွှန်းလှည်းအသစ်နှင့် တန်-၁၅၀၀ တွဲရေယာဉ်အသစ်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ရောဝတီ ဖလော်တီလာကုမ္ပဏီမှ မြစ်ဖျားခံပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဒလသင်္ဘောကျင်းသည် ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်ကိုလိုနီခေတ်၊ ဂျပန်ခေတ်စသည်များကို အောင်မြင်စွာ ဖြတ်သန်းကျော်လွှားခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးကာလမှ ယနေ့ထက်တိုင် အစိုးရအဆက်ဆက် နိုင်ငံတော်၏ စီမံကိန်းများစွာတွင် ပို့ဆောင်ရေးကဏ္ဍအတွက် လိုအပ်သည့် ရေယာဉ်များ တည်ဆောက်ပေးခြင်းနှင့် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများနှင့်အတူ အထောက်အကူပြုခဲ့သည်ကိုတွေ့ရကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းသည် သမိုင်းဝင်ရှေးကျသည့် သင်္ဘောကျင်းတစ်ခုဖြစ်သကဲ့သို့ လက်ရှိကာလအထိ သင်္ဘောကျင်းအတွင်း၌ ရှေးဟောင်းအဆောက်အဦ၊ အလုပ်ရုံ၊ စတိုဂိုဒေါင်များ၊ လွန်းကျင်း လွန်းလမ်းများ ကျန်ရှိနေသေးသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ၁၈၈၀ ပြည့်နှစ်မတိုင်မီကတည်းက တည်ဆောက်ခဲ့သည့် ရှေးဟောင်းဒီဇယ်စက်ပြင် အလုပ်ရုံ အဆောက်အဦကြီးသည်လည်း တည်ရှိဆဲဖြစ်ပြီး ၁၉၂၀ ပြည့်နှစ်မတိုင်မီက တည်ဆောက်ခဲ့သည့် အလုပ်ရုံများ၊ အဆောက်အဦများ များစွာကျန်ရှိနေသေးသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ယခုကဲ့သို့ သမိုင်းဝင်အဆောက်အဦများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ရှိကာလအထိ အသုံးပြုနေဆဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှုများအတွက် အသိအမှတ်ပြုဂုဏ်ယူမိကြောင်းကိုလည်း ပြောကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင် ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံ အကြီးစားပြန်လည်မွမ်းမံပြီးစီးမှု ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပို့ဆောင်ရေးကဏ္ဍသည် အလွန်အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အဆိုပါ ပို့ဆောင်ရေးကဏ္ဍများထဲတွင် ရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ၏ သယ်ယူပို့ဆောင်ရေး (Public Transport) လုပ်ငန်းစဉ်နှင့်အတူ ကုန်စည်ပို့ဆောင်မှု မှန်ကန်မြန်ဆန်စေရေးအတွက် တာဝန်ယူရသည့် ကဏ္ဍလည်း ဖြစ်ကြောင်း။

နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးတွင် လေယာဉ်ကွင်းများ၊ လေယာဉ်ပြေးလမ်းများ၊ ကားလမ်း၊ ရထားလမ်းများ၊ ချောင်းကူး၊ မြစ်ကူးတံတားများကို ကွန်ရက်ဖြစ်အောင် တည်ဆောက်ခဲ့သဖြင့် လက်ရှိကာလ ခရီးသည်ပို့ဆောင်ရေးအတွက် ရေယာဉ်လိုအပ်ချက် နည်းပါးလိမ့်မည်ဟု ယူဆစရာရှိကြောင်း၊ သို့သော် ကုန်စည်ပို့ဆောင်မှု အပိုင်းတွင် ရေလမ်းမှ ပို့ဆောင်ခြင်းသည် ကုန်စည်ပမာဏများစွာကို တစ်စုတစ်စည်းတည်း ပို့ဆောင်နိုင်ပြီး ကုန်ကျစရိတ် ပိုမိုသက်သာနေဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာတွင်လည်း ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အလေးထား ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဘက် ဧရာဝတီမြစ်ဝှမ်းအထိ ကူးသန်းသွားလာမှုများစွာ အထောက်အကူပြုနေသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်များကို ရာသီမရွေး ထိထိရောက်ရောက် အသုံးချနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပင်လယ်လမ်းကြောင်း တစ်လျှောက် ကူးသန်းသွားလာမှု မြှင့်တင်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်စည်ပို့ဆောင်ရေးအတွက် လိုအပ်မည့်ဈေးကွက်ဝင်၊ စီးပွားရေး တွက်ခြေကိုက်သည့် ကုန်တင်ရေယာဉ်၊ ကုန်တင်တွဲ၊ တွန်းရေယာဉ်၊ ကွန်တိန်နာတင် ရေယာဉ်များကို ထိန်းသိမ်းပြုပြင်ခြင်း၊ ပိုမိုတည်ဆောက်ခြင်းတို့ဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးကဏ္ဍသည် အဓိကကျကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အတွက် ရေကြောင်းကဏ္ဍမှ ထောက်ပံ့ပေးနိုင်ရန် တီထွင်ကြံဆမှုများ၊ မြစ်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကမ်းရိုးတန်းရေကြောင်း ပို့ဆောင်ရေး၊ မြစ်တွင်းကုန်စည်ပို့ဆောင်မှုမှ ကမ်းရိုးတန်းခရီးစဉ်နှင့် ရေကြောင်းကုန်စည်ပို့ဆောင်မှု၊ ကွန်တိန်နာဖြင့် ကုန်စည်ပို့ဆောင်မှု၊ ကမ်းရိုးတန်းခရီးစဉ်ဖြင့် မြစ်တွင်းခရီးစဉ်ပေါင်းစပ်ပြီး ရေကြောင်းကုန်စည်ပို့ဆောင်မှုစနစ်များ ပိုမိုထိုးဖောက် တိုးမြှင့်ပို့ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း၊ ရေရှည်မျှော်မှန်းပြီး ဒလသင်္ဘောကျင်းကဲ့သို့ သင်္ဘောကျင်းများမှ လိုအပ်သည့် ရေယာဉ်များကို တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံပိုင်သင်္ဘောကျင်းများအနေဖြင့် ရေရှည်ကို မျှော်မှန်းပြီး စွမ်းဆောင်ရည် ပိုမိုမြင့်မားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

သင်္ဘောခုတ်မောင်းသွားလာရန် အင်ဂျင်များသည် ကျောက်မီးသွေးသုံး ဘွိုင်လာမှ ဒီဇယ်အင်ဂျင်အထိ နည်းပညာပိုင်းအရပြောင်းလဲလာကြောင်း၊ အလားတူ ယနေ့ကာလတွင် ကုန်းလမ်းပို့ဆောင်ရေးယာဉ်များ၌ လျှပ်စစ်၊ ဘက်ထရီ စသည်ဖြင့် စွမ်းအားများ အသုံးပြုနေပြီဖြစ်သည့်အတွက် သင်္ဘောများတွင်လည်း ဘက်ထရီစွမ်းအင် စနစ်ဖြင့် အသုံးပြုနိုင်ရေး သုတေသနပြုဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။

ရုပ်ဝတ္ထုပိုင်းအနေဖြင့်လည်း သင်္ဘောကျင်းများတွင် ရှိသည့် ရေယာဉ်တည်ဆောက်မှုဆိုင်ရာ လွန်းကျင်းလွန်းလမ်းများ၊ စက်ကိရိယာပစ္စည်းများ၊ တည်ဆောက်ရေးအလုပ်ရုံများ၊ ဝန်ချီစက်နှင့် ယာဉ်ယန္တရားများ၊ သင်္ဘောကျင်းလမ်းများ၊ လွန်းတင်မှုစနစ်များ၊ ရေယာဉ်ဒီဇိုင်း ပြုစုမှုဆိုင်ရာ အထောက်အပံ့ ပစ္စည်းများနှင့် တကွ လိုအပ်ချက်များကို နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် အညီ ဖြည့်ဆည်းပြင်ဆင်ထားရမည်ဖြစ်ကြောင်း။

**ရေရှည်တည်တံ့ခိုင်မြဲရေး**

နိုင်ငံတော်အတွင်း ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သမိုင်းဝင် သင်္ဘောကျင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေကြောင်းဆိုင်ရာ ဌာနအဖွဲ့အစည်းအသီးသီးတို့ ပေါင်းစပ်ကြပြီး နိုင်ငံပိုင်သင်္ဘောကျင်းများ အချင်းချင်း ရေယာဉ်တည်ဆောက်မှုဆိုင်ရာ နည်းပညာဖလှယ်မှု၊ နည်းပညာဖြန့်ဝေမှုများ ပြုလုပ်ကြပြီး ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ကြရန်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် မြစ်တွင်း သယ်ယူပို့ဆောင်ရေးသာမက ကမ်းရိုးတန်းရေယာဉ်များနှင့် ကမ်းရိုးတန်းကုန်စည်ပို့ဆောင်ရေး၊ ကမ်းရိုးတန်းခရီးစဉ်နှင့် မြစ်တွင်းခရီးစဉ်ပေါင်းစပ်ပြီး ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဘေးကင်းလုံခြုံစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန်၊ နိုင်ငံတော်၏ ရန်ပုံငွေချထားပေးနိုင်မှု၊ ဈေးကွက်ရှိမှုအခြေအနေ၊ စီးပွားရေးအရ အကျိုးအမြတ်ရရှိနိုင်မှုအခြေအနေတို့ကို သုံးသပ်ပြီး ဒလသင်္ဘောကျင်း၏ စွမ်းအားကိုရယူ၍ ကမ်းရိုးတန်း ရေကြောင်းမှ ကုန်စည်ပို့ဆောင်နိုင်ရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ ယနေ့ ကျင်းပပြုလုပ်သည့် ဒလသင်္ဘောကျင်း နှစ် (၁၅၀)ပြည့် အခမ်းအနား ပြုလုပ်နိုင်သကဲ့သို့ ဒလသင်္ဘောကျင်းကဲ့သို့ သမိုင်းဝင် ဌာနဆိုင်ရာ စက်ရုံအလုပ်ရုံ အဆောက်အဦများကို အစဉ်တည်တံ့နေစေရေးအတွက် စောင့်ရှောက် ခြင်း၊ ပြင်ဆင်ခြင်းများနှင့် ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

*စာမျက်နှာ ၅ သို့*

◆ **ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းသည် သမိုင်းဝင်ရှေးကျသည့် သင်္ဘောကျင်းတစ်ခုဖြစ်သကဲ့သို့ လက်ရှိကာလအထိ သင်္ဘောကျင်းအတွင်း၌ ရှေးဟောင်းအဆောက်အဦ၊ အလုပ်ရုံ၊ စတိုဂိုဒေါင်များ၊ လွန်းကျင်း လွန်းလမ်းများ ကျန်ရှိနေသေးသည်ကိုလည်း တွေ့မြင်ရ**

◆ **ယခုကဲ့သို့ သမိုင်းဝင်အဆောက်အဦများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ရှိကာလအထိ အသုံးပြုနေဆဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှုများအတွက် အသိအမှတ်ပြု ဂုဏ်ယူမိ**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

ထို့နောက် ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက သမိုင်းဝင် ဒလသင်္ဘောကျင်း ဖြစ်တည်ခဲ့မှု၊ သမိုင်းကြောင်း တစ်လျှောက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိကာလတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ သင်္ဘောကျင်းဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ အနာဂတ်ကာလအတွက် မျှော်မှန်းဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ရေယာဉ်ပုံစံငယ်နှင့် အထိမ်းအမှတ် လက်ဆောင်ပစ္စည်း ပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒလသင်္ဘောကျင်းဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဒလသင်္ဘောကျင်းမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ သမိုင်းဝင် ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအတွင်း ပြသထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ဒလသင်္ဘောကျင်း၏ သမိုင်းမှတ်တမ်းများ၊ မှတ်တမ်းဓာတ်ပုံများနှင့် ရေယာဉ်ပုံစံငယ်များကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

### လမ်းညွှန်မှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် ဒလသင်္ဘောကျင်း လုပ်ငန်းခွင်အတွင်း အကြီးစား မွမ်းမံပြင်ဆင်လျက်ရှိသော ရေယာဉ်ကြီးများ၏ ပြင်ဆင်နေမှုအခြေအနေများ၊ ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ် တည်ဆောက်နိုင်ရေးအတွက် ရေယာဉ်ပုံစံငယ် စမ်းသပ်မှုလုပ်ငန်းစဉ် ရှင်းလင်းမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင် ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအတွင်း ပြသထားသည့် ပြကွက်တစ်ခုချင်းစီကို လှည့်လည်ကြည့်ရှုစဉ်။

### လက်မှတ်ရေးထိုး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သမိုင်းဝင် ဒလသင်္ဘောကျင်း ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဒလ သင်္ဘောကျင်းသည် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများအနက် ရှေးအကျဆုံးနှင့် အကြီးဆုံး သင်္ဘောကျင်းကြီး တစ်ခုဖြစ်ကြောင်း၊ ခေတ် အဆက်ဆက်တွင် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်များအား စီမံချက်နှင့်အညီ မွမ်းမံခြင်း၊ ပို့ဆောင်မှု လိုအပ်ချက်နှင့် ဒေသရေကြောင်း အခြေအနေ လိုအပ်ချက်များအရ ရေယာဉ်ပုံစံထုတ်လုပ်ခြင်းနှင့် တည်ဆောက်ပေးခြင်း၊ ရေယာဉ်သစ်တည်ဆောက်မှုနှင့် မွမ်းမံပြင်ဆင်မှုများတွင် လိုအပ်သော ရေယာဉ်ဆိုင်ရာ ပစ္စည်းများနှင့် စက်ပိုင်းဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ပေးခြင်း၊ တီထွင်စမ်းသပ်ပေးခြင်း၊ အခြားဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ရေယာဉ်များကို တည်ဆောက်ပြင်ဆင်မှု လုပ်ငန်းများ လက်ခံဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ကြောင်း၊ ဒလသင်္ဘောကျင်းသည် အလွန်ရှေးကျသော သမိုင်းဝင် သင်္ဘောကျင်းဖြစ်သည်နှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများ၊ လွန်းကျင်းလွန်းလမ်းများ၊ စက်ကိရိယာများ အိုမင်းဟောင်းနွမ်းလျက် စွမ်းဆောင်ရည် လျော့နည်းလျက်ရှိနေမှုကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုများဖြင့် လွန်းကျင်းလွန်းလမ်းများ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်း၊ စက်ကိရိယာအသစ်များ တပ်ဆင်ခြင်း၊ အဆောက်အဦများ ပြန်လည်မွမ်းမံခြင်းများ ဆောင်ရွက် ထားရှိကြောင်းနှင့် ဒလ သင်္ဘောကျင်းအနေဖြင့် ပြောင်းလဲ တိုးတက်လာသည့် ကုန်သွယ်မှုစနစ်ကို မျက်ခြည်မပြတ်လေ့လာလျက် တိုးတက်ဖြစ်ထွန်းလာသော လူသားအရင်းအမြစ်အား အခြေခံကာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အနာဂတ် ရည်မှန်းချက်တာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ရေယာဉ်ပုံစံငယ်ကို ပေးအပ်စဉ်။

**သတင်းစဉ်**

# ဆိုက်ဘာလုံခြုံရေးဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ဆိုက်ဘာလုံခြုံရေးဥပဒေ
## ( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁ / ၂၀၂၅ )

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် စီရင်ပိုင်ခွင့်

၁။ ဤဥပဒေကို **ဆိုက်ဘာလုံခြုံရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင် အာဏာတည်စေရမည်။

၃။ (က) မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည် –

(၁) ပြည်တွင်းတွင်ဖြစ်စေ၊ နိုင်ငံတော်၏ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်သည့် ပြစ်မှုများ၊

(၂) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ၊ အမျိုးသားဆိုက်ဘာနယ်ပယ်နှင့် ချိတ်ဆက်နေသော အခြားဆိုက်ဘာနယ်ပယ် တစ်ခုခု၌ဖြစ်စေ ကျူးလွန်သည့်ပြစ်မှုများ၊

(ခ) ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်အား ပြည်ပရောက် မြန်မာနိုင်ငံသားက ကျူးလွန်လျှင် ဤဥပဒေအရ စီရင်ပိုင်ခွင့် ရှိစေရမည်။

### အခန်း (၂)
### အဓိပ္ပာယ်ဖော်ပြချက်

၄။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဦးစီးကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီကဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးစီးကော်မတီကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

( င ) **ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း** ဆိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် ပြည်ထောင်စုအစိုးရအဖွဲ့က ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည်ဟု သတ်မှတ်သည့် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

( စ ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနက တာဝန်ပေးအပ်သောဦးစီးဌာနကို ဆိုသည်။

(ဆ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေးရေး လုပ်ငန်းဆောင်ရွက်ရန် ဦးစီးကော်မတီက ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

( ဇ ) **ဆိုက်ဘာလုံခြုံရေး** ဆိုသည်မှာ သတင်းအချက်အလက်၊ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို ခွင့်ပြုချက်မရှိဘဲ ရယူမှု၊ ထုတ်ဖော်ရေးသားမှု၊ ပြောဆိုမှု၊ ပေးပို့မှု၊ ဖြန့်ဝေမှု၊ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ပြုပြင်ပြောင်းလဲမှု၊ ဖျက်ဆီးမှု သို့မဟုတ် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ပြုပြင်ပြောင်းလဲမှု၊ ဖျက်ဆီးမှုနှင့် ၎င်းတို့ကိုပြုလုပ်ရန်ကြိုးပမ်းအားထုတ်မှုအား ကာကွယ်ခြင်းလုပ်ငန်းကို ဆိုသည်။

(ဈ) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုပေးသော လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ဝန်ဆောင်မှုလုပ်ငန်းလည်း ပါဝင်သည်။

(ည) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

( ဋ ) **ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ အွန်လိုင်းတွင် သတင်းအချက်အလက်ကိုသုံးစွဲသူမှ ဖော်ပြခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် အသုံးပြုခြင်း ပြုလုပ်နိုင်စေရန် ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

( ဌ ) **ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း အသုံးပြုနိုင်သည့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကိုဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

( ဍ ) **သတင်းအချက်အလက်** ဆိုသည်မှာ အချက်အလက် (Data)၊ အချက်အလက်အစုအဝေး (Database)၊ အသံ၊ စာသား၊ ပုံရိပ်သဏ္ဌာန်၊ ကုဒ်သင်္ကေတ (Code)၊ လက္ခဏာ သင်္ကေတ (Sign)၊ အချက်ပြသင်္ကေတ (Signal)၊ ဗီဒီယို (Video)၊ ဆော့ဖ်ဝဲ (Software) သို့မဟုတ် အပလီကေးရှင်း (Application) တို့ကို ဆိုသည်။

( ဎ ) **အီလက်ထရောနစ်သတင်းအချက်အလက်** ဆိုသည်မှာ ဖက်စ်၊ အီးမေးလ်တို့အပါအဝင် အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ လျှပ်စစ်သံလိုက်လှိုင်းနည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖန်တီးထားသော၊ ပေးပို့သော၊ လက်ခံသော သို့မဟုတ် သိုမှီးထိန်းသိမ်း ထားသော သတင်းအချက်အလက်ကို ဆိုသည်။

(ဏ) **အချက်အလက် (Data)** ဆိုသည်မှာ ကွန်ရက် သို့မဟုတ် ကွန်ပျူတာစနစ်တစ်ခုအတွင်းတွင် ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းထားနိုင်သည့် အချက်အလက်ကို ဆိုသည်။

(တ) **ဆိုက်ဘာအရင်းအမြစ်** ဆိုသည်မှာ ကွန်ပျူတာ၊ ကွန်ပျူတာစနစ်၊ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ်၊ ကွန်ရက်၊ ကွန်ရက်အထောက်အကူပြုပစ္စည်း၊ အချက်အလက် အစုအဝေး သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ တိုးတက်ဖြစ်ပေါ်လာသော နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ဆိုသည်။

(ထ) **ကွန်ပျူတာ** ဆိုသည်မှာ သတင်းအချက်အလက်ကို ရယူခြင်း၊ ထားရှိခြင်း၊ တစ်နေရာမှတစ်နေရာသို့ ပေးပို့ခြင်း၊ သိုမှီးထိန်းသိမ်းခြင်း၊ လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ခြင်းနှင့် လိုအပ်သောအချိန်၌ ပြန်လည်ဖော်ထုတ်၍ အသုံးပြုခြင်းတို့ကိုလည်းကောင်း၊ သင်္ချာနှင့် ယုတ္တိဗေဒဆိုင်ရာနည်းလမ်းများ အသုံးပြုခြင်းကိုလည်းကောင်း အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ လျှပ်စစ်သံလိုက်လှိုင်းနည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပြုလုပ်နိုင်သည့် ပစ္စည်းကိရိယာ ကို ဆိုသည်။

( ဒ ) **ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ်** ဆိုသည်မှာ ကွန်ပျူတာစနစ်တစ်ရပ်ကို လုပ်ဆောင်လည်ပတ်ရာတွင် ကွန်ပျူတာစနစ်မှ လုပ်ဆောင်ချက်တစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်မည့် အချက်အလက်များကို ရည်ညွှန်းသည့်လမ်းညွှန်ချက် သို့မဟုတ် ဖော်ပြချက်ကို ဆိုသည်။

( ဓ ) **ကွန်ပျူတာစနစ်** ဆိုသည်မှာ ပရိုဂရမ်တစ်ခုခုဖြင့် အချက်အလက်များကို အလိုအလျောက် လုပ်ဆောင်လည်ပတ်စေနိုင်မည့် ပစ္စည်းတစ်မျိုးမျိုး၏ စနစ်ကိုဖြစ်စေ၊ အပြန်အလှန် ဆက်သွယ်တည်ဆောက်ထားသော သို့မဟုတ် ဆက်စပ်လျက်ရှိသော ပစ္စည်းများပါဝင်သည့်ပစ္စည်း၏ စနစ်ကိုဖြစ်စေ ဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာစနစ်နှင့် ချိတ်ဆက်အသုံးပြုသော အချက်အလက်သိမ်းဆည်းသည့်ပစ္စည်း (Removable Storage Medium) တစ်မျိုးမျိုး၏ စနစ်လည်း ပါဝင်သည်။

( န ) **ကွန်ရက်** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ဆက်သွယ်ရေးနည်းပညာဖြင့် အချင်းချင်း အပြန်အလှန်ချိတ်ဆက်အသုံးပြုရန် ပြုလုပ်ထားသော ချိတ်ဆက်မှုအစုအဝေးကို ဆိုသည်။

( ပ ) **ဗီပီအန် (Virtual Private Network)** ဆိုသည်မှာ ကွန်ရက်တစ်ခုနှင့်တစ်ခု ချိတ်ဆက်ရာတွင် လုံခြုံမှုရှိစေရန် နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ မူလကွန်ရက်အတွင်း ထပ်ပိုးကွန်ရက်အဖြစ် သီးသန့်ထူထောင်ထားသည့်စနစ်ကို ဆိုသည်။

( ဖ ) **ကွန်ရက်အထောက်အကူပြုပစ္စည်း** ဆိုသည်မှာ ကွန်ရက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ၏ပစ္စည်းတစ်ခုခုကိုသော် လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကိုသော်လည်းကောင်း ဆိုသည်။

( ဗ ) **အချက်အလက်ဆန်းစစ်ခြင်း** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူ နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ဆောင်ရွက်သည့် သတင်းအချက်အလက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုက်ဘာလုံခြုံရေး အလို့ငှာ ရယူ၍ ဆန်းစစ်ခြင်း၊ သရုပ်ခွဲခြင်း၊ စစ်ဆေးခြင်း စသည့်လုပ်ဆောင်ချက်တစ်ခုခုပြုလုပ်ခြင်းကို ဆိုသည်။

(ဘ) **မောလ်ဝဲရ် (Malware)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်အား အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော အဖျက်အမှောင့်ကုဒ်သင်္ကေတ (Malicious Code) ကို ဆိုသည်။

( မ ) **ဆိုက်ဘာနယ်ပယ် (Cyber Space)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူ နည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ အီလက်ထရောနစ် သတင်းအချက် အလက်များအား ကွန်ရက်တစ်ခုအတွင်းဖြစ်စေ၊ ကွန်ရက်အချင်းချင်း ချိတ်ဆက်၍ဖြစ်စေ အပြန်အလှန်အားဖြင့် ပေးပို့ခြင်း၊ ဆက်သွယ်ခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် လက်ခံခြင်းများ ဆောင်ရွက်နိုင်သည့်နယ်ပယ်ကို ဆိုသည်။

(ယ) **ဆိုက်ဘာတိုက်ခိုက်ခြင်း** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေး၊ အများပြည်သူ ၏ လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ်တို့အား ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် သတင်း အချက်အလက်ဆက်သွယ်မှုကို တစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း၊ မှားယွင်းစေခြင်း၊ ရပ်ဆိုင်း စေခြင်း သို့မဟုတ် ပျက်စီးစေခြင်းဖြစ်စေရန် ပြုလုပ်မှုတစ်ခုခုကို ဆိုသည်။

( ရ ) **ဆိုက်ဘာမှုခင်း** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့်ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကိုအသုံးပြု၍ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ် ကိုဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုတစ်ရပ်ရပ်ကိုဖြစ်စေ ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်းကို ဆိုသည်။

(လ) **ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်ခြင်း** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာ အရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဆိုက်ဘာ လုံခြုံရေးကိုထိခိုက်စေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကို ဆိုသည်။

(ဝ) **ဒီဂျစ်တယ်ဓာတ်ခွဲခန်း** ဆိုသည်မှာ အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အချက်အလက်များကို ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်နိုင်သည့် နည်းပညာအထောက်အကူပြုဓာတ်ခွဲခန်းကို ဆိုသည်။

(သ) **အွန်လိုင်းလောင်းကစားစနစ် (Online Gambling System)** ဆိုသည်မှာ ဆိုက်ဘာ အရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို လောင်းကစားကိရိယာအဖြစ် အသုံးပြု၍ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်းတစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ငွေကြေးအတွက် သော်လည်းကောင်း၊ ငွေကြေးကဲ့သို့ တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်း သို့မဟုတ် သတ်မှတ်ချက်တစ်စုံတစ်ရာအတွက်သော်လည်းကောင်း လောင်းကစားခြင်း ပြုလုပ်နိုင်သည့်စနစ်ကို ဆိုသည်။

(ဟ) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့** ဆိုသည်မှာ နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ရှားမှုများကို အကျိုးအမြတ်ရယူခြင်းမရှိဘဲဆောင်ရွက်ရန် ဦးစီးကော်မတီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုထားသည့် အဖွဲ့ကိုဆိုသည်။

## အခန်း(၃)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဆိုက်ဘာအရင်းအမြစ်၊ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများနှင့် အီလက်ထရောနစ်သတင်းအချက်အလက်များအား လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရန်၊

( ခ ) အီလက်ထရောနစ်နည်းပညာများအသုံးပြု၍ ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေခြင်းမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊

( ဂ ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဆိုက်ဘာမှုခင်းများကို ထိရောက်စွာ စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်၊

( င ) ဆိုက်ဘာအရင်းအမြစ်ကို အခြေခံသောဒီဂျစ်တယ်စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန်။

## အခန်း (၄)
## ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် –

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဒုတိယသမ္မတတစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဆက်စပ်ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုကော်မတီကိုဖွဲ့စည်းရာတွင် အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။

(ဂ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) နိုင်ငံတော်တွင် ကောင်းမွန်လုံခြုံသော အမျိုးသားဆိုက်ဘာနယ်ပယ်ပေါ်ထွန်းရေးအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

( ခ ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာနှင့်ဒေသတွင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ယှဉ်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

( ဂ ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်း တားဆီးကာကွယ်ရေးတို့အတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

( င ) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာမှုခင်းတားဆီးကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးအား အထောက်အကူဖြစ်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

( စ ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးစီမံချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဆ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း အများပြည်သူက ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ သတင်းအချက်အလက် သိမ်းဆည်းမှုကို သတ်မှတ်ခြင်း၊

( ဇ ) အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းများကို သတ်မှတ်ချက်နှင့်အညီ တည်ထောင်ခွင့်ပြုခြင်း၊

(ဈ) အွန်လိုင်းငွေကြေးဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ လိုအပ်ပါက မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းကို လမ်းညွှန်မှုပေးခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ဦးစီးကော်မတီဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ဗဟိုကော်မတီသည် –

(က) ဤဥပဒေပါ ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်နှင့် ကြီးကြပ်နိုင်ရန် ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်များ၊ ဆက်စပ်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ဒုတိယဥက္ကဋ္ဌများ သို့မဟုတ် အမြဲတမ်းအတွင်းဝန်များ၊ ဆိုက်ဘာလုံခြုံရေးကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်စေလျက် ဦးစီးကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ဦးစီးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဦးစီးကော်မတီဝင်များအား ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် စရိတ်နှင့်ချီးမြှင့်ငွေများကို ခံစားခွင့်ပြုနိုင်သည်။

၉။ ဦးစီးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ဗဟိုကော်မတီက ချမှတ်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များကို လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ဆိုက်ဘာတိုက်ခိုက်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက အချိန်မီတုံ့ပြန်ကာကွယ်မှုစနစ်အား စီမံထားရှိနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) အမျိုးသားဆိုက်ဘာနယ်ပယ်လုံခြုံမှုရှိစေရန် ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းများနှင့် သက်ဆိုင်သောကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက်များတွင် နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန်သင့် မသင့် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(စ) နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်သော ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမှုခင်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အကြံပြုချက်များအား အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာ ခြိမ်းခြောက်မှုဖြစ်စဉ်တို့ကို သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း၊

(ဈ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံကာကွယ်ခြင်းလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ သတင်းအချက်အလက်များအား သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းခြင်းရှိ မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဋ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို စိစစ်ခွင့်ပြုပေးခြင်း၊ ယင်းအဖွဲ့များ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ထုတ်ပြန်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို စိစစ်အရေးယူခြင်း၊

(ဌ) ဤဥပဒေအရ ကောက်ခံရမည့် လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေး၊ ဒဏ်ကြေး သို့မဟုတ် အခြားအခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဍ) ပြည်တွင်းပြည်ပမှ ထုတ်လုပ်သည့်၊ တပ်ဆင်သည့်၊ ပြည်ပမှတင်သွင်းလာသည့် ဆိုက်ဘာအရင်းအမြစ်များနှင့် ပတ်သက်၍ မူဝါဒများချမှတ်ခြင်းနှင့် စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊

(ဎ) ဤဥပဒေပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးရန်လိုအပ်ပါက ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊

(ဏ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သော အစီရင်ခံစာများအား အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ်တင်ပြခြင်း၊

(တ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ ဦးစီးကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် –

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

( ခ ) ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီ၊

( ဂ ) ဆိုက်ဘာကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

(ဃ) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

## အခန်း (၆)
## ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၁။ ဦးစီးဌာနသည် ဗဟိုကော်မတီနှင့် ဦးစီးကော်မတီတို့၏ အတွင်းရေးမှူးရုံးအဖွဲ့အဖြစ် ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၁၂။ ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဦးစီးကော်မတီဝင်များ၏ စရိတ်နှင့် ချီးမြှင့်ငွေများကို ကျခံရမည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

၁၃။ ဦးစီးဌာနသည်–

(က) နိုင်ငံတကာနှင့် ဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်သည်။

( ခ ) နိုင်ငံတကာ သတ်မှတ်ချက်နှင့်အညီ ဆိုက်ဘာလုံခြုံရေးနည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းစစ်ဆေးခြင်း သို့မဟုတ် ပြိုင်ပွဲများကျင်းပခြင်းပြုလုပ်ပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်သည်။

( ဂ ) နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဃ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းလိုင်စင် စည်းကမ်းချက်များနှင့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်စည်းကမ်းချက်များကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

( င ) ဤဥပဒေအရ ကောက်ခံရမည့် လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေး၊ ဒဏ်ကြေး သို့မဟုတ် အခြားအခကြေးငွေများကို သတ်မှတ်ချက်နှင့်အညီ ကောက်ခံရမည်။

( စ ) ဗဟိုကော်မတီက ချမှတ်ထားသောဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လမ်းညွှန်ချက်များကို တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

## အခန်း (၇)
## အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံကာကွယ်ခြင်း

၁၄။ အောက်ပါအခြေခံအဆောက်အအုံများသည် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ ဖြစ်သည် –

(က) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အီလက်ထရောနစ်သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

( ခ ) အီလက်ထရောနစ်အစိုးရ (e-Government) ဝန်ဆောင်မှုစနစ် အခြေခံအဆောက်အအုံ၊

( ဂ ) ဘဏ္ဍာရေးဆိုင်ရာအီလက်ထရောနစ် သတင်းအချက်အလက်အခြေခံအဆောက်အအုံ၊

(ဃ) သယ်ယူပို့ဆောင်ရေးဆိုင်ရာအီလက်ထရောနစ်သတင်းအချက်အလက်အခြေခံအဆောက်အအုံ၊

( င ) ဆက်သွယ်ရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်အခြေခံအဆောက်အအုံ၊

( စ ) ကျန်းမာရေးဆိုင်ရာ အီလက်ထရောနစ်သတင်းအချက်အလက်အခြေခံအဆောက်အအုံ၊

(ဆ) လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်အခြေခံအဆောက်အအုံ၊

( ဇ ) ဗဟိုကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် အခါအားလျော်စွာ သတ်မှတ်သည့် အီလက်ထရောနစ်သတင်းအချက်အလက်အခြေခံအဆောက်အအုံ။

၁၅။ ဗဟိုကော်မတီသည် အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံများ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းနှင့် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကို ညွှန်ကြားရမည်။

၁၆။ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အောက်ပါအချက်များကို ဆောင်ရွက်ရမည် –

(က) ဆိုက်ဘာလုံခြုံရေးစီမံချက်များအား သတ်မှတ်ချက်နှင့်အညီ ရေးဆွဲခြင်း၊

( ခ ) ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှုအရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

( ဂ ) သင့်လျော်သောပုဂ္ဂိုလ်အား အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရန် တာဝန်ရှိသူအဖြစ် တာဝန်ပေးအပ်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးအစီရင်ခံစာကို ဦးစီးကော်မတီသို့ ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်တင်သွင်းခြင်း။

၁၇။ အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်–

(က) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို အချက်အလက်အဆင့်အတန်းပေါ်မူတည်၍ သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းထားရှိရမည်။

( ခ ) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံနှင့် သက်ဆိုင်သောသတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ထုတ်ပြန်ခြင်း၊ ပေးပို့ခြင်း၊ လက်ခံခြင်းနှင့် သိမ်းဆည်းခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ ဆိုက်ဘာလုံခြုံရေးအစီရင်ခံစာကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှတစ်ဆင့် ဝန်ကြီးဌာနသို့ ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တင်သွင်းရမည်။

၁၈။ ဝန်ကြီးဌာနသည် ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူကဆောင်ရွက်ထားသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အဆင်သင့်ဖြစ်မှုအပေါ် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားခြင်းရှိ မရှိကို ကြီးကြပ်စစ်ဆေးရမည်။

## အခန်း (၈)
## လိုင်စင်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်ခြင်း

၁၉။ ဦးစီးဌာနသည် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်သက်တမ်းနှင့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းမှတ်ပုံတင်သက်တမ်းတို့ကို အနည်းဆုံးသုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ သတ်မှတ်နိုင်သည်။

၂၀။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောကုမ္ပဏီဖြစ်ရမည့်အပြင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၁။ ဦးစီးဌာနသည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) လျှောက်ထားချက်သည် သတ်မှတ်ချက်နှင့်ကိုက်ညီပါက လျှောက်ထားသူကို လိုင်စင်ကြေးပေးသွင်းစေ၍ လိုင်စင်ထုတ်ပေးခြင်း၊

( ခ ) သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူကို ပြင်ဆင်လျှောက်ထားစေခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၂။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းဆက်လက် လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လိုင်စင်သက်တမ်းတိုး လျှောက်ထားရမည်။

၂၃။ ဦးစီးဌာနသည် –

(က) လိုင်စင်သက်တမ်းတိုးလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) လိုင်စင်သက်တမ်းတိုးခြင်းကို ငြင်းပယ်ပါက ထိုသို့ငြင်းပယ်ခြင်းသည် ကျန်ရှိသောလိုင်စင်သက်တမ်းကို ထိခိုက်ခြင်းမရှိစေရ။

၂၄။ နိုင်ငံတော်အတွင်း အသုံးပြုသူဦးရေ တစ်သိန်းနှင့်အထက်ရှိသော ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောကုမ္ပဏီဖြစ်ရမည့်အပြင် မှတ်ပုံတင်ခွင့်ပြုရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၅။ ဦးစီးဌာနသည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) လျှောက်ထားချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီပါက လျှောက်ထားသူကို မှတ်ပုံတင်ကြေးပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

( ခ ) သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူကို ပြင်ဆင်လျှောက်ထားစေခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၆။ ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် လုပ်ငန်းဆက်လက် လုပ်ကိုင်လိုပါက မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားရမည်။

၂၇။ ဦးစီးဌာနသည် –

(က) မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) မှတ်ပုံတင်သက်တမ်းတိုးခြင်းကို ငြင်းပယ်ပါက ထိုသို့ငြင်းပယ်ခြင်းသည် ကျန်ရှိသောမှတ်ပုံတင်သက်တမ်းကို ထိခိုက်ခြင်းမရှိစေရ။

၂၈။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့သည် နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာလှုပ်ရှားမှုများကို အကျိုးအမြတ်ရယူခြင်းမရှိဘဲ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးကော်မတီ၏ ခွင့်ပြုချက်ကို ရယူရမည်။

## အခန်း (၉)
## ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ၏တာဝန်များ

၂၉။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်–

(က) ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် ကဏ္ဍအလိုက် သက်ဆိုင်ရာဥပဒေများနှင့်အညီ လိုအပ်သောခွင့်ပြုမိန့် သို့မဟုတ် အထောက်အထားရယူခြင်း၊

(ခ) ဦးစီးဌာနနှင့် ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များအား အထောက်အကူပြုနိုင်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုအလားအလာကို သတိပေးခြင်းနှင့်ကြိုတင်ကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများကို အကြံပေးခြင်း၊

(ဃ) မောလ်ဝဲ၏ (Malware) သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်းကို အရေးပေါ်တုံ့ပြန်ရန် အစီအစဉ်နှင့် ဖြေရှင်းနည်းများ ရေးဆွဲထားရှိခြင်း၊

( င ) မောလ်ဝဲ၏ (Malware) သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်း ဖြစ်ပေါ်သည့်အခါ သင့်လျော်သော အရေးပေါ်တုံ့ပြန်ရန် အစီအစဉ်ကို ချက်ချင်းအကောင်အထည်ဖော်ခြင်း၊ တုံ့ပြန်ဖြေရှင်းခြင်းနှင့် အကျိုးသက်ဆိုင်သူအား အသိပေးခြင်း၊

( စ ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာနှင့် လိုအပ်သော နိုင်ငံတကာစံနှုန်းများကို ကျင့်သုံးခြင်း၊

(ဆ) ဝန်ဆောင်မှုကို ရယူအသုံးပြုသူများ၏ သတင်းအချက်အလက်များပေါက်ကြားခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်းများမဖြစ်ပေါ်စေရန် ကာကွယ်ခြင်း၊

( ဇ ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ထူးခြားဖြစ်စဉ်ဖြစ်ပေါ်ပါက ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားခြင်း၊

( ဈ ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း၊

(ည) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းအစီရင်ခံစာကို သတ်မှတ်ချက်နှင့်အညီ ပြုစုပြီး ဦးစီးဌာနသို့ တင်ပြခြင်း။

၃၀။ ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည် –

(က) ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် ကဏ္ဍအလိုက် သက်ဆိုင်ရာဥပဒေနှင့်အညီ လိုအပ်သောခွင့်ပြုမိန့် သို့မဟုတ် အထောက်အထားရယူခြင်း၊

( ခ ) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ အချက်အလက်အဆင့်အတန်းအပေါ် မူတည်၍ အချက်အလက်များ သိမ်းဆည်းထားသောပစ္စည်းကို သတ်မှတ်ချက်နှင့်အညီ ထားရှိခြင်း၊

( ဂ ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ဆက်စပ်စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ် သို့မဟုတ် အကျိုးအမြတ်ရယူဆောင်ရွက်သည့်လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက သက်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

၃၁။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ဝန်ဆောင်မှုပေးသည့် ပလက်ဖောင်းတွင် အောက်ပါအချက်တစ်ရပ်ရပ်ဖြစ်ပေါ်ပါက ယင်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်နှင့် ဆိုက်ဘာအရင်းအမြစ်ကို သိရှိနိုင်ရန် လုံလောက်သော အစီအမံများ ထားရှိရမည်–

(က) အမုန်းတရားကိုဖြစ်စေသော၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသော သို့မဟုတ် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော သတင်းအချက်အလက်များဖြစ်ပေါ်ခြင်း၊

( ခ ) မမှန်သတင်း သို့မဟုတ် ကောလာဟလသတင်းများဖြစ်ပေါ်ခြင်း၊

( ဂ ) အများပြည်သူ ကြည့်ရှုခြင်းငှာ မသင့်လျော်သော သတင်းအချက်အလက်များကို ဖော်ပြခြင်း၊

(ဃ) လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့်ဖော်ပြသော ကလေးသူငယ်၏ ညစ်ညမ်းပုံ၊ ညစ်ညမ်းဗီဒီယို၊ စာသားများ သို့မဟုတ် သင်္ကေတများကို တစ်နည်းနည်းဖြင့် ဖော်ပြခြင်း၊

( င ) တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည့်သတင်းအချက်အလက်များကို ဖော်ပြခြင်း သို့မဟုတ် ဥပဒေနှင့်မညီသောပြုလုပ်မှုကို ပြုလုပ်ခြင်း၊

( စ ) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လူမှုရေး သို့မဟုတ် စီးပွားရေးကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ဖော်ပြသော သတင်းအချက်အလက်နှင့်စပ်လျဉ်းသည့် တိုင်ကြားချက် ဖြစ်ပေါ်ခြင်း၊

(ဆ) မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တိုင်ကြားချက် ဖြစ်ပေါ်ခြင်း၊

( ဇ ) အကြမ်းဖက်မှုဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်း၊ ကျူးလွန်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်း။

၃၂။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ပုဒ်မ ၃၁ ပါ အချက်တစ်ရပ်ရပ်ဖြစ်ပေါ်ကြောင်း တစ်နည်းနည်းဖြင့် သိရှိလျှင်ဖြစ်စေ၊ ဦးစီးဌာနက အကြောင်းကြားလျှင်ဖြစ်စေ ၎င်းတို့ကို တားဆီးခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ အချိန်မီ ဆောင်ရွက်ရမည်။

၃၃။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ဝန်ဆောင်မှုကို ရယူအသုံးပြုသူနှင့်သက်ဆိုင်သော အောက်ပါအချက်အလက်များကို သုံးနှစ်အထိ ထိန်းသိမ်းထားရမည် –

(က) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ ကိုယ်ရေးအချက်အလက်များ၊

( ခ ) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ အသုံးပြုမှုမှတ်တမ်းများ၊

( ဂ ) ဦးစီးဌာနက အခါအားလျော်စွာသတ်မှတ်သော အချက်အလက်များ။

၃၄။ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အခွင့်အာဏာရရှိထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ပုဒ်မ ၃၃ ပါ အချက်အလက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ စာဖြင့် တောင်းခံလျှင် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးရမည်။

၃၅။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် သက်ဆိုင်ရာလုပ်ငန်းကော်မတီက ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည်။

**အခန်း (၁၀)**

**ဆိုက်ဘာအလွဲအသုံးပြုခြင်း**

၃၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းများမှအပ ဆိုက်ဘာအရင်းအမြစ်ကိုဖြစ်စေ၊ ကွန်ပျူတာစနစ်၏ ဆောင်ရွက်နိုင်မှုကိုဖြစ်စေ ထိခိုက်စေရန် ခွင့်ပြုပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါတို့ကို တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းသည် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်သည် –

(က) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်ကို ဖြစ်စေ၊ ယင်းတို့၏ အခြေအနေ သို့မဟုတ် အရည်အသွေးကိုဖြစ်စေ မရိုးမဖြောင့်သော သဘောဖြင့် ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

( ခ ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်ကို ရောင်းချခြင်း၊ မူလနေရာမှ အခြားနေရာသို့ ဖြစ်စေ၊ အခြားဆိုက်ဘာအရင်းအမြစ် သို့မဟုတ် သိမ်းဆည်းနိုင်သည့်ပစ္စည်းတစ်ခုခုသို့ဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ကူးယူခြင်း၊

( ဂ ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ်သတင်းအချက်အလက်ကို မရိုးမဖြောင့်သောသဘောဖြင့် ရယူခြင်း၊ ဆောင်ရွက်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(ဃ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ်သတင်းအချက်အလက်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲစေခြင်း၊ စွမ်းဆောင်ရည် ထိခိုက်စေခြင်း သို့မဟုတ် မူလအနေအထားကို တစ်နည်းနည်းဖြင့် ပြောင်းလဲစေခြင်း၊

( င ) ကွန်ပျူတာစနစ်ကိုဖြစ်စေ၊ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ်သတင်းအချက်အလက်ကိုဖြစ်စေ ထိန်းချုပ်ခြင်း သို့မဟုတ် ချိတ်ဆက်ထိန်းချုပ်ခြင်း၊

( စ ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်တစ်ရပ်ရပ်ကို မရိုးမဖြောင့်သောသဘောဖြင့် အချက်အလက်ဆန်းစစ်ခြင်း။

**အခန်း (၁၁)**

**ဆိုက်ဘာမှုခင်းများဖော်ထုတ်ခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်ခြင်းများအား ကာကွယ်ခြင်း**

၃၇။ ဤဥပဒေအရ ဦးစီးကော်မတီက ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများသည် ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် –

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်များမဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးခြင်း၊

( ခ ) ဆိုက်ဘာမှုခင်းများကို စုံစမ်းဖော်ထုတ်ရာတွင် သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအား အကူအညီပေးခြင်းနှင့် ဆိုက်ဘာမှုခင်းများ၏အန္တရာယ်ကို အကဲဖြတ်ခြင်း၊

( ဂ ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်မှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲအန္တရာယ်များ မဖြစ်ပေါ်စေရန် ကာကွယ်တားဆီးခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်ဖြစ်ပေါ်နိုင်မှု အလားအလာနှင့်ဖြစ်ပွားလာပါက သက်ရောက်နိုင်မှု အလားအလာတို့ကို အကဲဖြတ်ခြင်း၊

( င ) သက်ဆိုင်ရာကဏ္ဍအလိုက် ဆိုက်ဘာလုံခြုံရေးအဆင့်၏အားသာချက်နှင့် အားနည်းချက်တို့ကို စောင့်ကြည့်အကဲဖြတ်ပြီး ဆိုက်ဘာလုံခြုံရေးအဆင့်မြှင့်တင်နိုင်ရေး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို အကြံပြုခြင်း၊

( စ ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့ကို စိစစ်ဖော်ထုတ်အရေးယူခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဒီဂျစ်တယ် ပလက်ဖောင်းဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူ၏ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အကဲဖြတ်ခြင်း၊

( ဇ ) အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ခေတ်ခွဲခန်းများအတွက် နည်းပညာအကူအညီပေးခြင်း။

၃၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်း ဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသော အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံမှ ဆိုက်ဘာအရင်းအမြစ်ကို သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းပြီး အချက်အလက်ဆန်းစစ်ခြင်းပြုလုပ်နိုင်သည် –

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသော ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြုသူ သို့မဟုတ် အသုံးပြုခဲ့သည်ဟု သံသယရှိသူ၊

( ခ ) ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဆက်စပ်မှုရှိသူ။

၃၉။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဆိုက်ဘာအရင်းအမြစ်ကို အချက်အလက်ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ်ခေတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းတို့ ပြုလုပ်ပြီးပါက ယင်းဆိုက်ဘာအရင်းအမြစ်ကို အပ်နှံသူထံ သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပေးအပ်ရမည်။

၄၀။ ဝန်ကြီးဌာနသည် အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်းတို့ကို ကာကွယ်တားဆီးရေးအတွက် ကြိုတင်သိရှိနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အချက်အလက်ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ်ခေတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ပြုလုပ်ရန် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်အား တာဝန်ပေးအပ်နိုင်သည်။

၄၁။ ဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် ပုဒ်မ ၄၀ အရ အချက်အလက်ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ် ခေတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ပြုလုပ်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးပေးရမည်။

၄၂။ ဝန်ကြီးဌာနသည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများအတွက်သော် လည်းကောင်း၊ အများပြည်သူတို့၏အကျိုးအတွက်သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ညှိနှိုင်းလာလျှင်သော်လည်းကောင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို လိုအပ်ပါက ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို ဆောင်ရွက်နိုင်သည်။

၄၃။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် –

(က) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အီလက်ထရောနစ်သတင်းအချက်အလက်ကို ယာယီပိတ်ပင်ခြင်း၊

( ခ ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်သောပစ္စည်းများကို ယာယီထိန်းချုပ်ခြင်း၊

( ဂ ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အား ပိတ်သိမ်းခြင်း သို့မဟုတ် အများပြည်သူ အသုံးပြုရန် မသင့်ကြောင်း ကြေညာခြင်း။

၄၄။ အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း ဗီပီအန်ကို ထူထောင်ခြင်း သို့မဟုတ် ဗီပီအန်ဝန်ဆောင်မှုပေးခြင်း ပြုလုပ်လိုသူသည် သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို ရယူရမည်။

**အခန်း (၁၂)**

**သက်သေခံပစ္စည်းသိမ်းဆည်းခြင်းနှင့် ကျွမ်းကျင်သူ၏ သက်သေခံချက်တင်သွင်းခြင်း**

၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဤဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းဆိုင်ရာကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန် အီလက်ထရောနစ်သက်သေခံပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းနိုင်သည်။

၄၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဆိုက်ဘာမှုခင်းကို စုံစမ်းဖော်ထုတ်ရာတွင် စုံစမ်းစစ်ဆေးသော ကိစ္စရပ်နှင့်သက်ဆိုင်သည်ဟု ယူဆရသော ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူ နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ သိမ်းဆည်းပြီး အချက်အလက်ဆန်းစစ်ခြင်း သို့မဟုတ် ဒီဂျစ်တယ်ခေတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ပြုလုပ်နိုင်သည်။

၄၇။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဤဥပဒေနှင့်တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အီလက်ထရောနစ် သက်သေခံပစ္စည်းများကို ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်းတို့ ဆောင်ရွက်နိုင်ရန် အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်း သို့မဟုတ် ဒီဂျစ်တယ်ခေတ်ခွဲခန်းတို့ကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်နိုင်သည်။

၄၈။ ဦးစီးကော်မတီသည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသော အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ခေတ်ခွဲခန်းများအတွက် လိုအပ်သောလူ့စွမ်းအားအရင်းအမြစ် ဖြည့်ဆည်းရေးနှင့် နည်းပညာအကူအညီရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးရမည်။

၄၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အီလက်ထရောနစ် သက်သေခံပစ္စည်းများကို အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်း သို့မဟုတ် ဒီဂျစ်တယ်ခေတ်ခွဲခန်းသို့ ပေးပို့၍ အချက်အလက် ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ဆောင်ရွက်ပြီး ရရှိလာသည့် စစ်ဆေးတွေ့ရှိချက်ရလဒ် အစီရင်ခံစာနှင့် ထင်မြင်ချက်အား ဦးစီးကော်မတီ သို့မဟုတ် သက်ဆိုင်ရာတရားရုံးသို့ သတ်မှတ်ချက်နှင့်အညီ ကျွမ်းကျင်သူ၏ သက်သေခံချက်အဖြစ် သက်သေခံ တင်သွင်းနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

၂၀၂၅ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးရပြီး ၇၇ နှစ် ခရီး ...

## ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပစဉ်။

### လွတ်လပ်ရေးရပြီ...

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်သည့်နိုင်ငံဖြစ်လာသည်။ ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ၁၉၄၈ ခုနှစ်မှစ၍ ယနေ့တိုင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် မြန်မာတို့ကိုယ်တိုင် စီမံခန့်ခွဲနိုင်ပြီ၊ ကိုယ်စီကိုယ်ငံ ဖွံ့ဖြိုးတိုးတက်ရေးအဖုံဖုံကို ဆောင်ရွက်နိုင်ပြီဖြစ်သည်။ လွတ်လပ်ရေးပြန်လည်ရရှိအောင် ခွန်နှင့်အားနှင့် ကြိုးပမ်းဆောင်ကြဉ်းပေးခဲ့သော အဘိုးအဘွားများ၊ အသက်သွေးချွေးပေးခဲ့ကြသူများကို အောက်မေ့ကြ၊ ကျေးဇူးတရားကို သိကြ။ သူတို့က သာယာဝပြောမှုကိုရှေ့တန်းမတင်၊ အနစ်နာခံ၊ အားထုတ်ခဲ့သူများဖြစ်သည်။ သူတို့ထားခဲ့သည့် အမွေအနှစ် အသီးအပွင့်ဖြစ်သော လွတ်လပ်ရေးကို ကျွန်တော်တို့ခံစားရတာ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့သို့ ရောက်ရှိလာပြီဖြစ်သည်။

**“တရားမျှတ လွတ်လပ်ခြင်းနှင့်မသွေ ဒို့ပြည်ဒို့မြေ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှဝါဒဖြူစင်တဲ့ပြည် ဒို့ပြည်ဒို့မြေ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ”**

လွတ်လပ်ရေးသည် အလွန်တရာနူးညံ့သောသဘောဖြစ်သည်။ လွတ်လပ်ရေးကို အရယူရန် ကြိုးစားကြစဉ်က စည်ပင်သာယာအေးချမ်းစွာနှင့် သာတူညီမျှစနစ်အရ နေထိုင်နိုင်ရန်ကြိုးစားခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးရေးစွဲ၊ ဘာသာရေးစွဲများဟု ဆိုရမလိုပါဘဲ၊ လွတ်လပ်ရေးရပြီး နှစ်လ၊ သုံးလအတွင်းမှာ လက်နက်ကိုင်ပဋိပက္ခများ စတင်ခဲ့သည်။ မြန်မာတို့ ကံကြမ္မာဆိုးခဲ့သည်။ နိုင်ငံရေးတည်ငြိမ်မှုကင်းမဲ့လာခဲ့သည်။ ပြည်သူများ မြေစာပင်ကဲ့သို့ဖြစ်ခဲ့ရသည်။

### ၇၇ နှစ်တာခရီး

မြန်မာနိုင်ငံ မတိုးတက်သည်ကို ရှည်ရှည်ဝေးဝေး ပြောနေစရာလိုမည်မထင်၊ လွတ်လပ်ရေးရပြီးကတည်းက နိုင်ငံကိုတည်ဆောက်သူက တည်ဆောက်၊ ဖျက်ဆီးသူက ဖျက်ဆီးခဲ့ကြရာ နှစ်ဆယ်ရာစုနှောင်းပိုင်း ၇၇ နှစ်ခရီးတောက်လျှောက်ပါပဲ။ သမိုင်းအထောက်အထားများအရ ပြည်ပလွှမ်းမိုးမှု နိုင်ငံရေးအစွန်းရောက် လက်ဝဲလက်ယာဝါဒီများ၊ တရားသေလူမျိုးရေး အစွန်းရောက်ဝါဒီများနှင့် တောမီးလောင် တောကြောင် လက်ခမောင်းခတ် မသမာသူများ၏ ကိုယ်ကျိုးရှာမှုများကြောင့်ဟု သုံးသပ်ကြပါသည်။ ယုံကြည်ချက်၊ ခံယူချက်၊ အယူဝါဒများ ကွဲပြား၊ လက်နက်စွဲကိုင်၊ ထင်ရာလုပ်နိုင်ခြင်းဆိုသော မှားယွင်းသည့်အယူဖြင့် တိုင်းပြည်ကိုဖျက်ဆီးရန် သူတို့ဝန်မလေးခဲ့ကြ။ လက်နက်ကယ်စုံအလင်နှင့် ခက်ဖွယ်ရယ် ကြုံခဲ့သည့်နိုင်ငံဖြစ်ခဲ့ပါသည်။

### လူထုအုံကြွမှု

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် လူထုအုံကြွမှုနှင့် ၂၀၂၁ ခုနှစ် ဖြစ်စဉ်ကြီးနှစ်ခုသည် ခေတ်ကာလအခြေအနေအရ သဘောသဘာဝ မတူငြားသော်လည်း နောက်ကွယ်မှရည်ရွယ်ချက်က အတူတူဖြစ်သည်ကို သတိမူရမည်။ လွတ်လပ်သောနိုင်ငံအား အစိတ်စိတ်အမြွာမြွာ ပြိုကွဲပျက်စီးနေသော ဒုက္ခသည်နိုင်ငံအဖြစ် မလိုလား၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူတန်းစားအလွှာအသီးသီး၏ ကောင်းကျိုးအဖုံဖုံကို ရှေးရှုကာ ကိုယ်စိတ်နှစ်ပါး အေးချမ်းသောဘဝကို လိုလားကြသည်သာဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လိုလားကြသည်သာဖြစ်သည်။

မြန်မာနိုင်ငံတွင် စည်းလုံးရေးပျက်ပြားမှု၊ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် လက်နက်ကိုင် အကြမ်းဖက်မှုများက လွတ်လပ်ရေးရပြီးကတည်းက ကနေ့ ယခုတိုင်ဖြစ်ပေါ်လျက်ရှိရာ အလွန်ပင် ထူးဆန်း၍ စဉ်းစားစရာကြီးဖြစ်နေသည်။ အိမ်နီးနားချင်း ထိုင်းနိုင်ငံ၌ နိုင်ငံရေးမတည်ငြိမ်မှုများ ရှိခဲ့သော်လည်း စီးပွားမပျက်၊ ပညာရေးမပျက်၊ အလုပ်မပျက်။ တည်ငြိမ်အေးချမ်းသွားသည်သာများသည်ကို နိုင်ငံတကာသတင်းမီဒီယာများမှ သိမြင်ရပါသည်။

သမိုင်းကို ပြန်ဆန်ကြည့်လျှင် ပုဂံခေတ်တွင် မြန်မာ၊ ကုန်းဘောင်ခေတ်တွင် ဗမာ၊ ဗြိတိသျှခေတ်တွင် ဘားမား၊ ဂျပန်ခေတ်တွင် ဘီရုမာ မည်သို့ပင်ခေါ်ခေါ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့သည် မျိုးနွယ်စုကြီးများအဖြစ် ရှေးနှစ် ပရိစ္ဆေဒများစွာကတည်းက အေးအတူ ပူအမျှ အတူတကွ ဒီမိုးဒီရေဒီမြေတွင် နေလာခဲ့သည့် သမိုင်းကြောင်းသံယောဇဉ်က ကြီးမားခဲ့ပါသည်။ **အရှေ့၊ အနောက် နိုင်ငံရေးအယူဝါဒများကို အလွန်အမင်း မတွယ်တာလေနှင့်၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများက ဟောင်းနွမ်းနေပြီ ခေတ်မမီတော့ဟူ၍လည်း ယုံမှားသံသယမရှိလေနှင့်၊ ကိုယ့်စာပေ ကိုယ့်တေးဂီတများ သုခုမအနုပညာများက ‘မတိုး’ တော့ပြီဟူ၍လည်း မထင်လေနှင့်၊ အတိတ်က ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းခဲ့သည့် ဘဝကိုလည်း လွမ်းနေရုံနှင့်မပြီးသည်ကို သိကြရပေမည်။ အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်ဖြင့် လုံလောက်ပြီဟုလည်း မတွက်လေနှင့်၊ ဒီမိုကရေစီဆိုတိုင်း ရောဂါမှန်သမျှ ကုသနိုင်သည့် ဆေးကျမ်းဟု မဆိုနိုင်ပေ။**

**❝ အရှေ့၊ အနောက် နိုင်ငံရေးအယူဝါဒများကို အလွန်အမင်း မတွယ်တာလေနှင့်၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများက ဟောင်းနွမ်းနေပြီ ခေတ်မမီတော့ဟူ၍လည်း ယုံမှားသံသယမရှိလေနှင့်၊ ကိုယ့်စာပေ ကိုယ့်တေးဂီတများ သုခုမ အနုပညာများက ‘မတိုး’ တော့ပြီ ဟူ၍လည်း မထင်လေနှင့်၊ အတိတ်က ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းခဲ့သည့် ဘဝကိုလည်း လွမ်းနေရုံနှင့်မပြီးသည်ကို သိကြရပေမည်။ အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်ဖြင့် လုံလောက်ပြီဟုလည်း မတွက်လေနှင့်၊ ဒီမိုကရေစီဆိုတိုင်း ရောဂါမှန်သမျှ ကုသနိုင်သည့် ဆေးကျမ်းဟု မဆိုနိုင်ပေ ❞**

### အနာဂတ်မြန်မာနိုင်ငံ

မြန်မာတို့၏ဘဝနှင့် မြန်မာတို့၏ မဝေးလှသောသမိုင်း၊ လူ့ဘောင်သမိုင်း၏ ပြောင်းလဲမှုဘဝကံကြမ္မာကို ဖန်တီးရာ၌ ပဓာနအားဖြင့် ဆောင်ကြဉ်းသူတို့မှာ အသိဉာဏ်ရှိသောလူသားကသာ အဆုံးအဖြတ်ပေးသည်ကို တွေ့ရှိရသည်။ ပညာဆိုသည် ရှေ့တွင်ရှိမည့် ကောင်းကျိုး ဆိုးကျိုးကို မြင်နိုင်သည်။ ထွင်းဖောက်မြင်နိုင်သည်။ ဘုရားရှင်လက်ထက်က ရှင်ဒေဝဒတ်၊ တိတ္ထိဆရာကြီး ခြောက်ယောက်တို့သည် ပညာကို တစ်ဖက်ကမ်းခပ် တတ်ကြသော်လည်း အယူဝါဒလွဲမှားပြီး ဘုရားကြီး၊ ဘုရားငယ်ပြုလုပ်ကာ တပည့်များအား ဗာလလူမိုက် လမ်းမှားသို့ပို့သည်ကို ကြည့်နိုင်သည်။ ၂၁ ရာစု လူငယ်တို့ နမူနာယူကြရလိမ့်မည်။ အနာဂတ်မျိုးဆက်သစ်များကို အဝိဇ္ဇာ အမှောင်ထု လောင်းရိပ်အောက်တွင် မမွန်းကျပ်စေလို။ ရွှေဥမင်ဆရာတော်ဘုရားကြီးက **“မှားတာကို မကြောက်၊ မှားမှန်းမသိတာကို ကြောက်၏”**ဟု မြွက်ကြားပါသည်။ အလွန်လိုက်နာမှတ်သားစရာကောင်းလှပါသည်။ ကောင်းမွေ၊ ဆိုးမွေများထဲမှ မည်သည့်ကောင်းမွေများကို ခွဲခြားယူကြမလဲဆိုသည်ကို သူတို့ ဆုံးဖြတ်ကြရလိမ့်မည်။

**“ဗုဒ္ဓ၏ အခြေခံကျလှသော တရားအရ မုန်းတီးမှုနှင့် အကြမ်းဖက်မှုကို ရှောင်ရှားဖို့ စိတ်ကူးနိုင်မှု၊ စဉ်းစားနိုင်မှု ပြဿနာ၏အဖြေဆီသို့ နီးကပ်စွာ ရောက်သွားနိုင်ပါလိမ့်မည်။**

**- အမုန်းတရားကို မေတ္တာနှင့်၊**

**- ကြမ်းတမ်းခက်ထန်မှုကို ငြိမ်းချမ်းရေးနှင့်၊**

**- ထိပ်တိုက်ရင်ဆိုင်မှုကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများနှင့် အစားထိုးကြရပါလိမ့်မည်”**

ဟု အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ဟောင်း ဂျဝါဟာလ်နေရူး (Jawaharlal Nehru) က ဗုဒ္ဓတရားတော်ကို အခြေပြုပြီး အကြံပြုချက်သည် လွန်စွာမှကောင်းလှပါသည်။

*စာမျက်နှာ ၁၁ သို့*

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အောင်လံမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**အောင်လံ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်အဆင့် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၃၁ ရက်က အောင်လံမြို့ စိုက်ပျိုးရေးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း ဆောက်လုပ်သည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးပညာပေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တင်ဒါအောင် ကုမ္ပဏီမှတာဝန်ခံများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းပြသသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးပညာပေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားပြီး ဆောက်လုပ်ပြီးစီးသော စာသင်ဆောင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကြက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ကြက်မွေးမြူရေးလုပ်ငန်းရှင်များက ကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြက်မွေးမြူရေး လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကြက်မွေးမြူရေးခုန် အတွင်း ကြက်များမွေးမြူထားရှိမှုကို ကြည့်ရှုခဲ့ကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၃-၂၀၂၄၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရေအရင်းအမြစ် အောင်လံမြို့နယ် နံ့ဇူပင်လျှပ်စစ်ရေတင်လုပ်ငန်းတွင် ၂၂၇ ဒသမ ၄ ကေဗွီ ဆိုလာခါတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

အများသောလူထုသည် ထင်ရာလုပ်နိုင်ခြင်း၊ စည်းမဲ့ကမ်းမဲ့ပြုလုပ်နိုင်ခြင်းကို လွတ်လပ်ခြင်းဟူ၍ ထင်မှားနေလေသည်။

**သံသရာတစ်ကွေ့ တွေ့ကြသူများ**

မည်သည့်အစိုးရမဆို ခြောက်ပြစ်ကင်းသဲလဲစင်မဟုတ်ဘူးဆိုသည်ကို ကမ္ဘာ့သမိုင်းအားကြည့်လျှင် တွေ့မြင်ရပါလိမ့်မည်။ နှစ်ဆယ်ရာစု မြန်မာ့သမိုင်းတွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် ခါးသီးမုန်းတီးစရာ၊ စည်းလုံးမှုပျက်ပြားစရာဖြစ်သော သမိုင်းအထုပ်ကိုမဖြေကြဘဲ ဥမကွဲသိုက်မပျက်မည့် ဖက်ဒရယ်ပြည်ထောင်စုကို တိုင်းရင်းသားအားလုံးက သံယောဇဉ်ကြိုးများဖြင့် ရေးရှုတည်ထောင်နိုင်ရန် နိုင်ငံ့ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များက ဦးဆောင်နေသည်ကို တွေ့မြင်နေရသဖြင့် ဝမ်းသာပီတိဖြစ်ရပါသည်။ သဟဇာတ၊ သမာသမတ် ဖေးမကူညီရိုင်းပင်းသည့် ဖက်ဒရယ်ကို တည်ဆောက်ရာတွင် ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်မှုများ ရှောင်ရလိမ့်မည်။ နှလုံးသားနှင့် ဉာဏ်အမြော်အမြင်ကို အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုကို ကျင့်သုံးရလိမ့်မည်။ နိုင်ငံက စည်းလုံးညီညွတ်မှု (unity) ရှိရပါမည်။ စည်းလုံးညီညွတ်မှုမရှိဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ခက်ခဲပါသည်။

သံသရာတစ်ကွေ့တွင် ကျွန်တော်တို့တစ်တွေ ယခုလိုဆုံတွေ့ရသည့်ဘဝ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်းနေလိုသည့်ဆန္ဒ၊ အမျိုးသားအကျိုးစီးပွား ရေးရှုသည့်ဝိသေသ၊ နိုင်ငံတကာအလယ်တွင် ထည်ထည်ဝါဝါနှင့်နေနိုင်သည့် အခြေအနေကို ချစ်မြတ်နိုးကြရပါမည်။

– ကမ္ဘာ့လူသားတစ်ယောက်အဖြစ် ကျွန်တော်တို့က ဤကမ္ဘာမြေတွင် အသက်ရှင်ခွင့်ရှိသလောက်နေခဲ့ကြပြီ။ ရေစက်ဆုံကာ တစ်ခုတည်းသော မိုးကောင်းကင်ကိုကြည့်၊ တူညီသောလေကိုရှူခဲ့ပြီ။ ရေကြည်ကိုသောက်ခဲ့ကြပြီ။ မြေမှပေါက်သည့် သီးနှံတို့ကိုလည်းစား၊ ဝေငှလှူဒါန်းမှုများလည်း ပြုခဲ့ကြပြီ။

– တည်ငြိမ်ခံ့ညားမြင့်မားသည့် တောင်တန်းကြီးများနှင့် ဤတောင်တန်းများကြားမှ တသွင်သွင်စီးဆင်းနေသည့် ဧရာဝတီ၊ သံလွင်၊ စစ်တောင်းမြစ်တို့ကို အကြောင်းပြုပြီး တိုင်းရင်းသားအပေါင်းစုပေါင်းနေထိုင်ခဲ့ကြပြီ။

– မြန်မာတိုင်းရင်းသားတို့၏ ကောင်းကျိုးအတွက် မြော်မြင်တွေးခေါ် ကြံစည်စိတ်ကူးကြမှ အသိဉာဏ်နှင့်ယှဉ်ပြီး အနာဂတ်ခရီးကို သတိရှိရှိဖြင့် လျှောက်လှမ်းကြမှ၊ ကုသိုလ်စိတ်နှင့် တန်ဖိုးထားနေထိုင်ခဲ့ကြမှ နေခဲ့သမျှ၊ နေရနိုင်မည့်ကာလအတွက် ကျေးဇူးတရားသိရာ၊ ဆပ်ရာကျလိမ့်မည်။

> **“ အတိတ်တွင်ကျန်ခဲ့ပြီဖြစ်သော ၂၀ ရာစု မြန်မာနိုင်ငံသည် အသစ်ပေါ်ထွန်းလာမည့် ၂၁ ရာစု မြန်မာနိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်းရာဝယ် လွတ်လပ်ရေးအမွေအနှစ်ကောင်းမွေများကို ယူတတ်ရန်နှင့် မကောင်းသည်ကို ပယ်တတ်သော အရည်အချင်းနှင့် ဉာဏ်အမြော်အမြင်များရှိကြရပါလိမ့်မည်။ စိန်ခေါ်မှုများ မည်သို့ပင်ရှိသည်ဖြစ်စေ မြန်မာတိုင်းရင်းသားအပေါင်းတို့၏ နှလုံးရည်၊ လက်ရုံးရည်၊ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သမာဓိ၊ သတိများဖြင့် ရှေ့သို့ချီမည်ပန်းတိုင်ဆီသို့ လျှောက်လှမ်းကြရမည် ”**

**ဉာဏ်နှင့်ယှဉ် သတိကြီးစွာရှုမြင်**

ယနေ့ကမ္ဘာတစ်လွှားတွင် အကြမ်းဖက်မှု၊ လူထုအုံကြွမှု၊ ဒေါသအမျက်ခြောင်းခြောင်းထွက်နေမှုများသည် ထိန်းရခက်၊ ကျယ်ပြန့်၊ ပြင်းလဲပြင်းထန်ပါသည်။ တိုင်းပြည်စည်းလုံးမှု လျော့နည်းသည့်အခါ၊ တိုင်းပြည်တွင် အားနည်းချက်များ၊ မတည်ငြိမ်မှုများ ပေါ်လာသည့်အခါတိုင်းတွင် အဖျက်လုပ်ရပ်များ ပေါ်ပေါက်လာစမြဲပါ။ ယနေ့တိုင်ပြည်သူများသည် အကြမ်းဖက်ခြင်း၊ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ခံရခြင်း၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးခြင်းနှင့် လူငယ်များ အတွေးအခေါ် အယူအဆအမှားများဖြင့် လမ်းမှားသို့ ရောက်မှန်းမသိရောက်ရှိခြင်း စသည့် အနာဂတ်ထိခိုက်စရာများအထိ ဖြစ်ပေါ်လျက်ရှိသည်။ တင်းမာမှုနှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲဝင်မှုများက ပို၍ဆိုးဖွယ်ရာပင် ဖြစ်လိမ့်မည်။

**ဒီမိုကရေစီနှင့် ဖက်ဒရယ်**

နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်တစ်ခုဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ပညာတတ်များ ပေါ်ကြွယ်ဝရေးဖြစ်ပါသည်။

သမိုင်းတစ်လျှောက် သာဓကအထောက်အထားကောင်းများ ရှိခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဂျာမနီသည် Federal Republic of Germany (FRG), German Democratic Republic (GDR) ဆိုပြီး နိုင်ငံရေးအတွေးအခေါ်နှင့် စုပါပါဝါနိုင်ငံကြီးများ၏ လွှမ်းမိုးမှုကြောင့် နှစ်ခြမ်းကွဲသွားခဲ့ပါသည်။ နှစ်ပေါင်း ၄၅ နှစ်ကျော်ကြာမှ နှစ်ခြမ်းကွဲဂျာမနီက ပြန်လည်ပူးပေါင်းနိုင်ခဲ့ကြခြင်းသည် နမူနာကောင်းဖြစ်ပါသည်။ ဤသို့ ပြန်လည်ဆုံတွေ့ပူးပေါင်းရာတွင် ခက်ခဲမှုများကို ခက်ခဲသည်ဟု မမြင်ဘဲ အခက်အခဲများကို ကျော်လွှားခဲ့ပါသည်။ နှစ်ခြမ်းကွဲခဲ့သည့် ဗီယက်နမ်၊ ဂျာမနီနိုင်ငံတို့သည် နိုင်ငံရေးအင်အားစုများ၊ ကာကွယ်ရေးအင်အားစုများကောင်းမွန်၍၊ ကွဲပြားခြားနားသည့် နိုင်ငံရေးသဘောတရားအပေါ် သဘောထားကြီးနိုင်သော အမျိုးသားရေးအမြော်အမြင်၊ ဂျာမန်ဆိုသည့် အမျိုးသားရေးစိတ်ဓာတ်များက ပေါင်းစည်းပေးလိုက်သည်ဟု ပြောရမည်ဖြစ်ပါသည်။ ဥရောပတိုက်တစ်တိုက်လုံးသည် စစ်ပွဲကြီးနှစ်ခုကြောင့် ရင်နာစရာ၊ အခဲမကျေစရာများက မြန်မာနိုင်ငံထက်ထုနှင့် ထည်နှင့် ကြီးမားသောအစိုင်အခဲ ဖြစ်မည်ဟု ခန့်မှန်း၍ရပါသည်။

အမေရိကန်ပြည်ထောင်စု (United States of America) က ဖက်ဒရယ်ပြည်ထောင်စုပင်ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ညီညွတ်စုစည်းဖွဲ့စည်းထားသော နိုင်ငံပင်ဖြစ်ပါသည်။ စုစည်းညီညွတ်ခြင်းကြောင့် အမေရိကန်သည်လည်းကောင်း၊ ဥရောပသမဂ္ဂ (European Union) သည်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်လည်းကောင်း၊ ဂျာမနီနိုင်ငံသည်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည်လည်းကောင်း ကမ္ဘာတွင် အင်အားကြီး၊ အရာရာဖွံ့ဖြိုးတိုးတက်မှုမြင့်မားနေကြောင်း တွေ့ရှိရပါသည်။

**နိဂုံးချုပ်ရလျှင်ဖြင့်–**

လွတ်လပ်ရေးနေ့ ဤရက်တွင် အဓိကဖြစ်သော မေးခွန်းနှစ်ခုကို မေးသင့်ကြသည်။

– “ကျွန်တော်တို့သည် လွတ်လပ်ခြင်း၏အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိပါသလား…

– ကျွန်တော်တို့သည် လွတ်လပ်ခြင်း၏အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိသည့်အတိုင်း၊ လွတ်လပ်သောလူမျိုး၏ ဝတ္တရားကို ကျေပွန်စွာဆောင်ရွက်နေပါသလား” ထင်ရာလုပ်နိုင်ခြင်း စည်းမဲ့ကမ်းမဲ့ပြုလုပ်နိုင်ခြင်းကို လွတ်လပ်ခြင်းဟူ၍ ထင်မှားနေပါသလော…

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၇၇ နှစ် ခရီးမှာ နိုင်ငံရေးအပြောင်းအလဲရှိတိုင်း လက်နက်ကယ်စုံအလင်နှင့် ခက်ဖွယ်ရယ်ကြုံခဲ့သည့် နိုင်ငံဖြစ်ခဲ့သည်။

အတိတ်တွင် ကျန်ခဲ့ပြီဖြစ်သော ၂၀ ရာစု မြန်မာနိုင်ငံသည် အသစ်ပေါ်ထွန်းလာမည့် ၂၁ ရာစု မြန်မာနိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်းရာဝယ် လွတ်လပ်ရေးအမွေအနှစ် ကောင်းမွေများကို ယူတတ်ရန်နှင့် မကောင်းသည်ကို ပယ်တတ်သော အရည်အချင်းနှင့် ဉာဏ်အမြော်အမြင်များ ရှိကြရပါလိမ့်မည်။ စိန်ခေါ်မှုများ မည်သို့ပင်ရှိသည်ဖြစ်စေ မြန်မာတိုင်းရင်းသားအပေါင်းတို့၏ နှလုံးရည်၊ လက်ရုံးရည်၊ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သမာဓိ၊ သတိများဖြင့် ရှေ့သို့ချီမည်ပန်းတိုင်ဆီသို့ လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း မေတ္တာဖြင့် ရေးသားအပ်ပါသည်။ ။

**ကျမ်းကိုး –**

– ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူးဘသောင်း (မောင်သုတ) မတ်လ ၁၉၉၁ ခုနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန
– မကြွန် သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ မြရတနာ စာပေ၊ စာစဉ် (၁) ၂၀၀၂ ခုနှစ်
– Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000
– “၂၀ ရာစုမြန်မာနိုင်ငံ”အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ပညာရေးဝန်ကြီးဌာန၊ ၂၀၀၂ ခုနှစ် တက္ကသိုလ်များ ပုံနှိပ်တိုက်
– မြန်မာနိုင်ငံရဲ့ နိုင်ငံရေးမိုးသက်လေပြင်းများနှင့် အခြားဆောင်းပါးများ၊ စာအုပ်အမှတ်စဉ် (၄၂/၂၀၂၂) ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်
– Newsweek March, 1998
– Time 4 September, 2001
– Readers’ Digest, October, 2001

# ဦးတည်ငါးရပ် မပြတ်လိုက်နာ ဒို့တိုင်းပြည်ကို ကာကွယ်ပါ

★ တာဝန်သုံးပါး ဦးထိပ်ထား၍
ခွဲခြားမမြင် ကြည်လင်အသိ
သစ္စာရှိလျက် အသိတူစွာ
ညှိနှိုင်းကာဖြင့် ရလာငြိမ်းချမ်း
တော်ဝင်ပန်းကို ရှင်လန်းကြည်ကြည်
ညီညီညွတ်စေ ဥပဒေနှင့်အညီ
ထိန်းလေစောင့်ရှောက် စည်းမဖောက်ဘဲ
သွေးသောက်ပါစို့ ပြည်သူတို့။

★ ပြည်ထောင်စုစိတ် မေးမိုတ်ခိုနား
သိမ်းထားရင်မှာ စည်းလုံးစွာဖြင့်
ကာကွယ်စောင့်ရှောက် စည်းမဖောက်ဘဲ
တစ်ယောက်မကျန် ဝိုင်းဝန်းရံပြီး
မိဋ္ဌာန်ပြုကာ ထိန်းသိမ်းပါစို့။

★ စစ်မှန်တိကျ ရှိရသိက္ခာ
ညီညွတ်စွာဖြင့် ဖြစ်လာစေရေး
ရွေးကောက်ပွဲကို ဒီမိုကရေစီ
စံနှင့်ညီစွာ ပြုလုပ်ကာလျှင်
မှန်စွာကျင်းပ ဒို့ပြုရအောင်
စွမ်းဆောင်ပါလေ့ ညီညွတ်လေ့။

★ ပြည်ထောင်တစ်ဝန်း ဘက်စုံလှမ်းချီ
ဟန်ချက်ညီကာ မှန်စွာကျင်းပ
တိုးတက်စွအရေး ဦးစားပေး၍
ကိုယ့်သွေးကိုယ့်သား တိုင်းရင်းသားတို့
အားဖြင့်စုပေါင်း ညီညာလောင်း၍
ကောင်းစွာ ဆောင်ရွက်ကြပါစို့။

★ ရှေ့သို့ချီမည် ပန်းတိုင်ဆီသို့
တူညီစိတ်ထား အမျိုးသားအရေး
ကာကွယ်ရေးအပြင်
မျှော်တွေးထောက်ထား သည်စီးပွားရေး
နိုင်ငံရေးပါ မနေးတစ်ခါ
ညီညွတ်စွာဖြင့် ကြိုးကာဖော်ဆောင်ကြပါစို့။ ။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုလျက်

ဘိုမျိုး(ရွှေဘို)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ကွင်းအမှတ် (၁၆၁၈) တွင် TBL မျိုးစေ့ထုတ် ကုမ္ပဏီမှ စိုက်ပျိုးမြေ ငါးဧက၌ ချည်မျှင်ရှည်ဝါ၊ နှမ်း၊ နေကြာနှင့် ပဲတီစိမ်းသီးနှံများ မျိုးစေ့ထုတ် စိုက်ခင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စုအတွင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (တည်ဆောက်ရေး-၅)က တာဝန်ယူ တည်ဆောက်နေသည့် ပေါင်းလောင်းတမံ ရေပိုလွှဲတွင် Hydraulic Elevator Dam (HED) တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာ ကွင်းအမှတ် (၁၅၇၅) ရှိရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ပျိုးမြေများတွင် မတ်ပဲ၊ နေကြာ၊ ဖူးစားပြောင်းနှင့် ပဲကြီး သီးနှံစသည့် သီးထပ်သီးညှပ် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ဆောင်ရွက်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆောင်းသီးနှံနှင့် နွေသီးနှံများကို စိုက်ဧရိယာများတွင် ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ သွင်းအားစုများနှင့် စိုက်ပျိုးရေများကို စနစ်တကျ သုံးစွဲရေး၊ သီးထပ်သီးညှပ် စိုက်ပျိုးရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးတို့ကို အလေးထားလိုက်နာ ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးကာ တောင်သူများထံ သွင်းအားစုမြေဩဇာများ ပေးအပ်သည်။

ယင်းနောက် ပျဉ်းမနား မြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ အနီးရှိ ပေါင်းလောင်းရေလွှဲဆည်သို့ ရောက်ရှိပြီး ပေါင်းလောင်းရေလွှဲဆည်မှတစ်ဆင့် ဆည်ရေသောက်ဧရိယာ ၂၁၁၂ ဧကကို စိုက်ပျိုးရေပေးဝေနေမှုနှင့် ပိုလျှံသည့်ရေများကို အသေးစားရေအားလျှပ်စစ် ထုတ်ယူနိုင်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးက ပေါင်းလောင်းရေလွှဲဆည်မှ စိုက်ပျိုးရေပေးဝေနေမှုနှင့် အသေးစား ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေး လေ့လာဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့နယ် လွယ်မွေဒေသ၌ ချယ်ရီပန်းပွဲတော်(၂၀၂၅) ဖွင့်လှစ်




**နေပြည်တော် ဇန်နဝါရီ ၁**

ချယ်ရီပန်းပွဲတော်(၂၀၂၅) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ချယ်ရီပန်းပွဲတော်(၂၀၂၅)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ချယ်ရီပန်းပွဲတော်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ထုတ်ကုန်ပြပွဲကိုယ်စား အာခါတိုင်းရင်းသား ကိုယ်စားလှယ် ဦးမင်းညိုက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကများနှင့် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ချယ်ရီပန်းပွဲတော်တွင် ကပြဖျော်ဖြေပေးကြသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး ချယ်ရီပန်းပွဲတော်တွင် ပြသရောင်းချကြသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းလျားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်



**ပုသိမ် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းလျားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါအထက်တန်းကျောင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ ကွင်းလျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း မှတ်တမ်းကျောက်စာ မုခ်ဦး ဆိုင်းဘုတ်ကို တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ဖျော်ဖြေရေးအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက "မြန်မာ့ကျောင်း" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကွင်းလျားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းသို့ အဆင့်တိုးမြှင့်၍ ပညာရေးကို အရှိန်အဟုန်မြှင့်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲနှင့် သဘာဝဘေးရေကြီး ရေလျှံမှုများကို အန်တု၍ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများလည်း ပိုမိုရရှိအောင် အစဉ်တစိုက် ကြိုးပမ်းမှုများကို မြင်တွေ့ခဲ့ရသောကြောင့် ဝမ်းသာပီတိဖြစ်မိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျောင်းနေ အရွယ်ကလေးအားလုံး ရာနှုန်းပြည့် ကျောင်းတက်ရောက်စေရေး၊ စဉ်ဆက်မပြတ် အတန်းစဉ်ကူးပြောင်းမှုရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှု အခွင့်အလမ်းများ ပိုမိုရရှိလာစေမည်ဖြစ်ကြောင်းနှင့် တက္ကသိုလ်စာမေးပွဲအောင်ချက် မြင့်မားရေး၊ နိုင်ငံအဆင့် ထူးချွန်ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းစေရေးကိုလည်း အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း မျိုးဆက်သစ်လူငယ်ကျောင်းသား ကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးကြရန်နှင့် ပညာရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကျောင်းသား ကျောင်းသူလေးများ၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကိုလည်းကောင်း၊ ကျောင်းစာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူလေးများ စာပေလေ့လာဖတ်ရှုနေမှုကို လည်းကောင်း ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




# ပဲခူးမြို့၌ ၂၀၂၅ ခုနှစ် နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆို

**ပဲခူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ပဲခူးမြို့အတွင်းရှိ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းဖြေပျော်ရွှင်စေရန်နှင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာ ကြိုဆိုနိုင်ရန် ရည်ရွယ်၍ ကျင်းပသည့် တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး ယာဉ်ရပ်နားဝန်း၌ ကျင်းပရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားခဲ့သည်။

နှစ်သစ်ကိုကြိုဆိုသည့် တေးဂီတဖျော်ဖြေရေး အစီအစဉ်တွင် Music Band၊ DJ များဖြင့် တွဲဖက်၍ အဆိုတော်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများက လိုက်ပါသီဆို၍ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

၂၀၂၄ ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၂၅ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းမည့် ည ၁၂ နာရီမထိုးမီ အချိန်တွင် နှစ်သစ်ကူး Countdown ကို ပွဲတော်လာပြည်သူများက သံပြိုင်ရေတွက်ကြပြီး ည ၁၂ နာရီတိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ဟစ်ကြွေးကြကာ မီးရှူးမီးပန်းများ ပစ်ဖောက်၍ မီးပုံးပျံများလွှတ်တင်ကာ ၂၀၂၅ ခုနှစ် နှစ်သစ်ကူး အခါသမယကို ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

# ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



**မိုင်းတုံ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပါချီးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများသည် ပါချီးကျေးရွာတွင် စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိမရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေး လုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

ပါချီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ အသင်းသား၂၉ ဦးကို အဌမအကြိမ်မြောက် ရန်ပုံငွေကျပ် ၄၂၉ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၂၂

# MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲဝင် YRG နှင့် MIU အသင်း နိုင်ငံခြားသားကစားသမားများ ခေါ်ယူအားဖြည့်

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် YRG အသင်းနှင့် MIU အသင်းတို့သည် နိုင်ငံခြားသားကစားသမားများ ခေါ်ယူအားဖြည့်ခဲ့ပြီး ပွဲစဉ် (၂) တွင် ပါဝင်လာမည်ဖြစ်သည်။

ယခုရာသီတွင် လိဂ်-၁ ပြိုင်ပွဲသို့ တန်းတက်လာသည့် YRG အသင်းသည် MFF ဖူဆယ်လိဂ်တွင် လာရောက်ကစားခဲ့ဖူးသည့် အာဖဂန်နစ္စတန်နိုင်ငံသား ဆာမီမီကို ခေါ်ယူခဲ့သည်။

ဆာမီမီသည် မြန်မာဖူဆယ်ကလပ် ဖူဆယ်ချစ်သူအသင်းတွင် လာရောက်ကစားခဲ့ဖူးသူဖြစ်သည်။ YRG အသင်းသည် ရာသီသစ် မစတင်မီ လက်ရွေးစင်အဆင့်ကစားသမားများဖြစ်သော မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ထွဋ်ဝေထွန်းနှင့် နိုင်လင်းထွန်းကျော်တို့ကို ခေါ်ယူအားဖြည့်ထားသည်။

MIU အသင်းသည် ပြီးခဲ့သည့် ရက်ပိုင်းကမှ ပြီးဆုံးသွားသည့် ထိုင်းဖူဆယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ဟောင်ယန်သာခမ်အသင်းတွင် ကစားခဲ့သည့် ထိုင်းနိုင်ငံသား ကီတီဆက်ကို ခေါ်ယူအားဖြည့်ခဲ့သည်။ MIU အသင်းသည် ရာသီသစ်မစတင်မီ ပြည်တွင်းလူငယ်ကစားသမားများကို ခေါ်ယူအားဖြည့်ထားသည်။

ဖူဆယ်လိဂ်-၁ ပြိုင်ပွဲယှဉ်ပြိုင်မည့် ကလပ်အသင်းအချို့မှာလည်း နိုင်ငံခြားသားကစားသမားများ ခေါ်ယူထားပြီး လာမည့်ပွဲစဉ်များတွင် ပါဝင်လာမည်ဖြစ်သည်။ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၂) ကို ဇန်နဝါရီ ၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ - YRG FC**



# နှစ်သစ်ကူးနေ့တွင် ကမ္ဘာ့လူဦးရေမှာ ၈ ဒသမ ၀၉ ဘီလီယံ ရှိလာ

**နယူးယောက် ဇန်နဝါရီ ၁**

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့လူဦးရေမှာ ၇၁ သန်းကျော် တိုးလာပြီး နှစ်သစ်ကူးနေ့တွင် ၈ ဒသမ ၀၉ ဘီလီယံ ရှိကြောင်း အမေရိကန်သန်းခေါင်စာရင်း ဗျူရိုက ဒီဇင်ဘာ ၃၀ ရက်တွင် ခန့်မှန်းချက် ထုတ်ပြန်ခဲ့သည်။

ရာခိုင်နှုန်းအားဖြင့်ကြည့်လျှင် ၂၀၂၄ ခုနှစ်အတွင်း လူဦးရေ ၀ ဒသမ ၉ ရာခိုင်နှုန်းတိုးလာပြီး ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် အနည်းငယ်ကျဆင်းသွားသည်ကိုတွေ့ရသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ကမ္ဘာ့တစ်ဝန်း စက္ကန့်တိုင်းတွင် ကလေး လေးဦး မွေးဖွားပြီး သေဆုံးသူနှစ်ဦးရှိကြောင်း ခန့်မှန်းထားသည်။

၂၀၂၄ ခုနှစ်အတွင်း အမေရိကန်၌ လူဦးရေ ၂ ဒသမ ၆ သန်း တိုးလာခဲ့သည်။ နှစ်သစ်ကူးနေ့တွင် အမေရိကန်၏လူဦးရေမှာ ၃၄၁ သန်းရှိကြောင်း သန်းခေါင်စာရင်း ဗျူရိုက ခန့်မှန်းထားသည်။ အမေရိကန်ပြည်ထောင်စု၌ ၂၀၂၅ ခုနှစ်အတွင်း ကိုးစက္ကန့်တိုင်းတွင် ကလေးတစ်ဦးမွေးဖွားပြီး ၉ ဒသမ ၄ စက္ကန့်တိုင်းတွင် သေဆုံးသူတစ်ဦးရှိကြောင်း ခန့်မှန်းထားသည်။

နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်မှုသည် ၂၃ ဒသမ ၂ စက္ကန့်တိုင်းတွင် လူတစ်ဦး အမေရိကန်လူဦးရေသို့ တိုးလာမည်ဟုခန့်မှန်းထားသည်။ မွေးဖွားမှု၊ သေဆုံးမှုနှင့် နိုင်ငံတကာရွှေ့ပြောင်းနေထိုင်မှုများ ပေါင်းစပ်လျှင် ၂၁ ဒသမ ၂ စက္ကန့်တိုင်းတွင် အမေရိကန်၌ လူဦးရေတစ်ဦးတိုးလာမည်ဟု သန်းခေါင်စာရင်း ဗျူရိုက ပြောသည်။

၂၀၂၀ ပြည့်နှစ်မှ ယခုအချိန်အထိ အမေရိကန်၏ လူဦးရေသည် ၉ ဒသမ ၇ သန်း တိုးလာပြီး လူဦးရေ တိုးနှုန်းမှာ ၂ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။ ၂၀၁၀ ပြည့်နှစ်များတွင် အမေရိကန်လူဦးရေသည် ၇ ဒသမ ၄ ရာခိုင်နှုန်းတိုးလာပြီး ၁၉၃၀ ပြည့်နှစ်နောက်ပိုင်းတွင် လူဦးရေတိုးနှုန်းသည် အနိမ့်ဆုံးဖြစ်ခဲ့သည်။ **ဆင်ဟွာ**





# ၂၀၂၄ ခုနှစ်တွင် နာမည်ကြီး အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်သို့ နိုင်ငံတကာခရီးသွား ၁ ဒသမ ၀၂ သန်း လာရောက်လည်ပတ်ခဲ့

**ဖနောင်ပင် ဇန်နဝါရီ ၁**

ကမ္ဘောဒီးယားနိုင်ငံ၏ နာမည်ကြီး အန်ကောဝပ်ရှေးဟောင်း သုတေသနဥယျာဉ်သို့ ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ၁ ဒသမ ၀၂ သန်း လာရောက်လည်ပတ်ခဲ့ပြီး ယမန်နှစ်ကထက် ၂၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဇန်နဝါရီ ၁ ရက်နေ့က ထုတ်ပြန်သော တရားဝင်အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။

ရှေးဟောင်းဥယျာဉ်သည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လက်မှတ်ရောင်းချရမှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၈ သန်း ရရှိခဲ့ပြီး ယမန်နှစ်ကထက် ၂၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်းနှင့် ရှေးဟောင်းဥယျာဉ်သို့ လာရောက်လည်ပတ်သည့် ထိပ်တန်းငါးနိုင်ငံမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ်နှင့် တောင်ကိုရီးယား နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ အနောက်မြောက်ဘက် ဆီရမ်ရိပ်ပြည်နယ်တွင် တည်ရှိပြီး ယူနက်စ်ကိုစာရင်းဝင် ရှေးဟောင်းသုတေသန ဥယျာဉ်သည် ကမ္ဘာလှည့်ခရီးသည်များကို အဓိကဆွဲဆောင်ရာ နေရာတစ်ခုဖြစ်သည်။ ၄၀၁ စတုရန်း ကီလိုမီတာ ကျယ်ဝန်းသော အဆိုပါနေရာသည် ကိုးရာစုမှ ၁၃ ရာစုနှစ်အထိ တည်ဆောက်ခဲ့သော ရှေးဟောင်းဘုရားပေါင်း ၉၁ ဆူ ရှိရာ နေရာလည်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ၂၀၂၅ နှစ်သစ်သို့ ဝင်ရောက်လာပြီဖြစ်သော်လည်း ဂါဇာစစ်ပွဲပြီးဆုံးမည့် အရိပ်အယောင်မတွေ့ရ

**ဂါဇာ ဇန်နဝါရီ ၁**

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့၏တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၂ ဦး သေဆုံးခဲ့ကြောင်းနှင့် အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း သက်ဆိုင်ရာအရာရှိများက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားလိုက်သည်။ ၁၅ လနီးပါးကြာ ပဋိပက္ခသည် ၂၀၂၅ နှစ်သစ်သို့ ဝင်ရောက်လာပြီဖြစ်သော်လည်း ပြီးဆုံးမည့်အရိပ်အယောင် မတွေ့ရသေးချေ။

အောက်တိုဘာလအစောပိုင်းကတည်းက အဓိကစစ်ဆင်ရေးများဆင်နွှဲလျက်ရှိသော ဂါဇာမြောက်ပိုင်း ဂျာဘာလီယာဒေသကို အစ္စရေးတို့က ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိရာ ယခုတစ်ကြိမ် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုတွင် လူနေအိမ်တစ်လုံးကို ထိမှန်ခဲ့ပြီး ခုနစ်ဦးသေဆုံးခဲ့ကြောင်းနှင့် အမျိုးသမီးတစ်ဦးနှင့် ကလေး လေးဦးပါဝင်ကြောင်း၊ တစ်ဒါဇင်ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အစ္စရေးတို့၏ နောက်ထပ်ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုသည် ဂါဇာအလယ်ပိုင်းရှိ ဘူရက်ဒုက္ခသည်စခန်းကို ထိမှန်ခဲ့ပြီး အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးသေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်တစ်ခုက ဖော်ပြသည်။

စစ်သွေးကြွများက ဘူရက်ဒေသမှ မိမိတို့ကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို လက်တုံ့ပြန်တိုက်ခိုက်ခြင်းသာဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားလိုက်ပြီး အဆိုပါဒေသအတွက် ရွှေ့ပြောင်းရေး အမိန့်တစ်ရပ်ကိုလည်း အစ္စရေးတပ်ဖွဲ့က အွန်လိုင်းတွင် ထုတ်ပြန်ထားသည်။

အစ္စရေးတို့၏ တတိယမြောက်ပစ်ခတ်တိုက်ခိုက်မှုအဖြစ် ခန်ယွန်နစ်ဒေသကို တိုက်ခိုက်ခဲ့ရာ သုံးဦးသေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်က ဖော်ပြသည်။

ဟားမားစ်ဦးဆောင်သော စစ်သွေးကြွများက အစ္စရေးတောင်ပိုင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က တိုက်ခိုက်ခဲ့ရာ လူ ၁၂၀၀ ခန့် သေဆုံးခဲ့ပြီး ၂၅၀ ခန့် ပြန်ပေးဆွဲခဲ့သည်။ ဂါဇာတွင် ယခုအချိန်အထိ ဓားစာခံ ၁၀၀ ခန့်ကို ထိန်းသိမ်းထားလျက်ရှိပြီး ၎င်းတို့အနက် သုံးပုံတစ်ပုံခန့်မှာ သေဆုံးသွားပြီဟု ယူဆရသည်။

နှစ်ဖက်ပဋိပက္ခများကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဂါဇာလူဦးရေ ၂ ဒသမ ၃ သန်း၏ ၉၀ ရာခိုင်နှုန်းခန့် ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။ **အေပီ**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၅၇၅ ဦးရှိ

**ဒါကာ ဇန်နဝါရီ ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှု ၁၀၀၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၅၇၅ ဦးရှိသည်ဟု မှတ်တမ်းတင်ထားသောကြောင့် ၂၀၂၄ ခုနှစ်သည် သွေးလွန်တုပ်ကွေးကြောင့် အသေအပျောက်အများဆုံးနှစ်ဖြစ်ခဲ့သည်။

ဒီဇင်ဘာလအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၉၇၄၅ ဦးရှိပြီး နိုဝင်ဘာလအတွင်း ဖြစ်ပွားသူ ၂၉၆၅၂ ဦးရှိခဲ့သည်ဟု ကျန်းမာရေးဝန်ဆောင်မှုညွှန်ကြားရေးဦးစီးဌာန၏ ဒီဇင်ဘာ ၃၁ ရက် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဒီဇင်ဘာ ၃၁ရက် နံနက် ၈နာရီအထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၁၈၅ ဦး တိုးလာခဲ့ပြီးနောက် ဇန်နဝါရီလမှစ၍ ဒီဇင်ဘာလအထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ စုစုပေါင်းမှာ ၁၀၁၂၁၄ ဦး ရှိခဲ့သည်။

ဒီဇင်ဘာ ၃၁ ရက်တွင် သွေးလွန်တုပ်ကွေးကြောင့် နှစ်ဦးထပ်မံ သေဆုံးခဲ့သည်။ သွေးလွန်တုပ်ကွေးသည် အေးဒီစ်ခြင်ကိုက်ခံရခြင်းမှ ကူးစက်သော ဗိုင်းရပ်စ်ရောဂါဖြစ်သည်။

အဆိုပါရောဂါကြောင့် ခေါင်းကိုက်ခြင်း၊ အဖျားကြီးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်သော ကြွက်သားနှင့်အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊ အော့အန်ခြင်းတို့ဖြစ်စေနိုင်သည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အရေအတွက်မြင့်မားလာခြင်းကို တိုက်ဖျက်ရန် ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးအာဏာပိုင်များသည် ခြင်သားလောင်းနှိမ်နင်းရေးလုပ်ငန်းများ တင်းကျပ်စွာ လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

# သီရိလင်္ကာအကောက်ခွန်ဌာနက ၂၀၂၄ ခုနှစ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော် ရရှိခဲ့

**ကိုလံဘို ဇန်နဝါရီ ၁**

သီရိလင်္ကာနိုင်ငံ၏ အကောက်ခွန်ဌာနက ၂၀၂၄ ခုနှစ်တွင် ရူပီး ၁ ဒသမ ၅၁ ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံကျော်) ဝင်ငွေရရှိခဲ့ပြီး သမိုင်းတစ်လျှောက် နှစ်အလိုက် ဝင်ငွေ အများဆုံးဖြစ်ကြောင်း ဇန်နဝါရီ ၁ ရက်တွင် အဆိုပါဌာနက ပြောသည်။

၂၀၂၄ ခုနှစ်တွင် သီရိလင်္ကာ အစိုးရသည် ရူပီး ၁ ဒသမ ၅၃၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံကျော်) ရရှိရေး ရည်မှန်းထားခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် သီရိလင်္ကာအကောက်ခွန်ဌာနသည် ရူပီး ဘီလီယံ ၉၇၀ ခန့် (အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံကျော်) သာရရှိခဲ့ကြောင်း အချက်အလက်များအရ သိရသည်။

ဝင်ငွေတိုးလာခြင်းမှာ အစိုးရ၏ အခွန်မူဝါဒများ၊ သွင်းကုန်များ တိုးမြင့်လာခြင်းနှင့် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကြောင့်ဖြစ်ကြောင်း အဆိုပါဌာနက ပြောသည်။ **ဆင်ဟွာ**

# နိုင်ငံ့ဂျီဒီပီကို ပံ့ပိုးပေးနိုင်တဲ့အထိ အားကောင်းလာတဲ့ ကာတာ၊ လာအို၊ သီရိလင်္ကာ၊ ဗီယက်နမ်နှင့် မော်ရိုကိုတို့ရဲ့ ခရီးသွားလုပ်ငန်း

လင်းလက်ကြယ်

ကမ္ဘာ့နိုင်ငံအသီးသီးဟာ အထိနာခဲ့တဲ့ စီးပွားရေးကို ပြန်လည်နာလန်ထူအောင် အင်တိုက်အားတိုက် လုပ်ဆောင်ကြရာမှာ ခရီးသွားလုပ်ငန်းကဏ္ဍလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေအနက် ကာတာ၊ လာအို၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ မော်ရိုကို စတဲ့ နိုင်ငံတွေကို ဝင်ရောက်တဲ့ ကမ္ဘာလှည့် ခရီးသွားတွေဟာ သတ်မှတ်အရေအတွက်ကို ကျော်လွန်တဲ့ အထိ ခရီးသွားလုပ်ငန်းကဏ္ဍ အားကောင်းလာတာ တွေ့ရတယ်။

**ကာတာ**

ကာတာနိုင်ငံကို ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွား ငါးသန်းကျော် လာရောက်လည်ပတ်မှုရှိခဲ့ပြီး ၂၀၂၃ ခုနှစ်နဲ့ နှိုင်းယှဉ်ကြည့်ရင် ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု ၂၅ ရာခိုင်နှုန်းတိုးလာတယ်လို့ ကာတာခရီးသွားလုပ်ငန်းအဖွဲ့က ဒီဇင်ဘာ ၂၉ ရက်မှာ ထုတ်ပြန်ကြေညာထားပါတယ်။ ခရီးသွား ငါးသန်းကျော်ဝင်ရောက်မှုက ကာတာနိုင်ငံအတွက် သိသာတဲ့ အောင်မြင်မှုတစ်ခုဖြစ်ပြီး ကမ္ဘာ့အမြန်ဆုံး ဖွံ့ဖြိုးမှုနဲ့ မိသားစုအတွက် သင့်လျော်တဲ့ ထိပ်တန်းခရီးသွားနေရာတစ်ခုဖန်တီးရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ ပိုမိုနီးကပ်လာစေတယ်လို့ ကာတာ ခရီးသွားလုပ်ငန်းအကြီးအကဲ ဆာ့ဘင် အလီအယ်ခါဂျီက ပြောပါတယ်။

ကာတာနိုင်ငံဟာ ခရီးသွားလာရေးလုပ်ငန်းကို အဓိကထား ဖွံ့ဖြိုးတိုးတက်စေလိုပြီး လာရောက်လည်ပတ်သူအရေအတွက်ကို သုံးဆနီးပါးတိုးမြှင့်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။ ဒါ့အပြင် ခရီးသွားလုပ်ငန်းကနေ နိုင်ငံရဲ့ ဂျီဒီပီကို ၁၀ ရာခိုင်နှုန်းကနေ ၁၂ ရာခိုင်နှုန်းအထိ တိုးမြှင့်ဖို့ ရည်ရွယ်လုပ်ဆောင်လျက်ရှိတယ်လို့လည်း ၎င်းက မှတ်ချက်ပြု ပြောပါတယ်။

**လာအို**

လာအိုနိုင်ငံဟာ ၂၀၂၄ ခုနှစ်အတွင်းမှာ ကမ္ဘာလှည့်ခရီးသွား ငါးသန်းကျော်ကို ဆွဲဆောင်နိုင်ခဲ့ပြီး ဒါဟာ သတ်မှတ်ထားတဲ့ အရေအတွက်ကို ကျော်လွန်ခဲ့တယ်လို့ သတင်းတွေမှာ ဖော်ပြထားပါတယ်။ ဒါ့အပြင် အဆိုပါ ကမ္ဘာလှည့်ခရီးသွားတွေထံကနေ အခွန်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရရှိခဲ့တယ်လို့လည်း ဖော်ပြထားပါတယ်။

အဆိုပါ အရေအတွက်ဟာ ယမန်နှစ်နဲ့ နှိုင်းယှဉ်ရင် ၁၉ ရာခိုင်နှုန်း မြင့်တက်လာပါတယ်။ လာအိုနိုင်ငံကို လာရောက်လည်ပတ်တဲ့ နိုင်ငံတွေအနက် ထိုင်းနိုင်ငံက အများဆုံးဖြစ်ပြီး ယင်းနောက်မှာ ဗီယက်နမ်နဲ့ တရုတ်နိုင်ငံတို့က အများဆုံးဖြစ်တယ်လို့ အချက်အလက်တွေအရ သိရပါတယ်။

၂၀၂၄ လာအိုခရီးသွားနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားအရေအတွက်ကို မြှင့်တင်ဖို့ကြိုးပမ်းမှုအဖြစ် လာအိုအစိုးရက နိုင်ငံအချို့မှ ခရီးသွားတွေအတွက် ဗီဇာကင်းလွတ်ခွင့်အပြင် နိုင်ငံအတွင်း နေထိုင်နိုင်တဲ့ ကာလကိုလည်း တိုးမြှင့်ပေးခဲ့ပါတယ်။



ဗီယက်နမ်နိုင်ငံ ကမ္ဘာလှည့်ခရီးသွားများ ဆွဲဆောင်ရာနေရာတစ်ခု၌ ကမ္ဘာလှည့်ခရီးသွားများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

- ❖ ၂၀၂၄ လာအိုခရီးသွားနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားအရေအတွက်ကို မြှင့်တင်ဖို့ ကြိုးပမ်းမှုအဖြစ် လာအိုအစိုးရက နိုင်ငံအချို့မှ ခရီးသွားတွေအတွက် ဗီဇာကင်းလွတ်ခွင့်အပြင် နိုင်ငံအတွင်း နေထိုင်နိုင်တဲ့ကာလကိုလည်း တိုးမြှင့်ပေးခဲ့
- ❖ အောက်တိုဘာလတစ်လတည်းမှာပင် ဗီယက်နမ်နိုင်ငံကို လာရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသွားအရေအတွက်ဟာ ၁ ဒသမ ၄၂ သန်းရှိ



လာအိုနိုင်ငံ၌ ကမ္ဘာလှည့်ခရီးသွားများ အမှတ်တရဓာတ်ပုံရိုက်စဉ်။

**သီရိလင်္ကာ**

သီရိလင်္ကာနိုင်ငံကို ယမန်နှစ်အတွင်း လာရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသွား နှစ်သန်းကျော်ရှိခဲ့တယ်လို့ သတင်းတွေမှာ ဖော်ပြထားပါတယ်။ ကမ္ဘာလှည့်ခရီးသွားတွေရဲ့ နေ့စဉ်သုံးစွဲတဲ့ ဒေါ်လာဟာ ၂၀၂၃ ခုနှစ်မှာ ၁၇၄ ဒေါ်လာသာ သုံးစွဲခဲ့ပြီး ယခုနှစ်မှာ ၁၈၁ ဒေါ်လာအထိ သုံးစွဲမှုမြင့်တက်ခဲ့တယ်လို့ သိရပါတယ်။ ခရီးသွားလုပ်ငန်းဟာ သီရိလင်္ကာနိုင်ငံအတွက် တတိယမြောက် နိုင်ငံခြားငွေရရှိတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

သီရိလင်္ကာနိုင်ငံဟာ ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ သုံးဘီလီယံရရှိဖို့ မျှော်မှန်းထားတယ်လို့ သီရိလင်္ကာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ရတ်နာယာကီက ပြောပါတယ်။ ဒါ့အပြင် ၂၀၂၅ ခုနှစ် ပထမသုံးလကာလမှာ ကြိုတင်စာရင်းသွင်းထားသူတွေနဲ့ လတ်တလောအခြေအနေတွေအရ ခရီးသွားလုပ်ငန်း ပိုမိုအားကောင်းလာလိမ့်မယ်လို့လည်း ၎င်းက ဆက်ပြောပါတယ်။

**ဗီယက်နမ်**

ဗီယက်နမ်နိုင်ငံကို ဇန်နဝါရီလကနေ အောက်တိုဘာလအထိ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု အရေအတွက်ဟာ ၁၄ ဒသမ ၁ သန်းကျော်ရှိတယ်လို့ အထွေထွေစာရင်းအင်းရုံးရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ အဲဒီအရေအတွက်ဟာ ယမန်နှစ်အလားတူကာလနဲ့နှိုင်းယှဉ်ရင် ၄၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာတယ်လို့ ဆိုပါတယ်။ အောက်တိုဘာလတစ်လတည်းမှာပင် ဗီယက်နမ်နိုင်ငံကို လာရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသွားအရေအတွက်ဟာ ၁ ဒသမ ၄၂ သန်းရှိတယ်လို့ ဆိုပါတယ်။

ဗီယက်နမ်နိုင်ငံကို လည်ရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသွားစုစုပေါင်းရဲ့ ၈၀ ရာခိုင်နှုန်းခန့်ဟာ အာရှဒေသမှဖြစ်တယ်လို့ အချက်အလက်တွေမှာ ဖော်ပြထားပါတယ်။ ဗီယက်နမ်နိုင်ငံကို လာရောက်လည်ပတ်တဲ့ နိုင်ငံတွေအနက် တောင်ကိုရီးယားနိုင်ငံက ၃ ဒသမ ၇ သန်းနဲ့ အများဆုံးဖြစ်ပြီး ယင်းနောက်မှာ တရုတ်နိုင်ငံက သုံးသန်းနဲ့ ဒုတိယအများဆုံးဖြစ်တယ်လို့ သိရပါတယ်။

**မော်ရိုကို**

မော်ရိုကိုနိုင်ငံဟာ ၂၀၂၄ ခုနှစ် ပထမ ၁၁ လအတွင်းမှာ ကမ္ဘာလှည့်ခရီးသွား စံချိန်တင် ၁၅ ဒသမ ၉ သန်း လာရောက် လည်ပတ်မှုရှိခဲ့ပြီး ယမန်နှစ်တစ်နှစ်လုံးစာအရေအတွက်ထက်ပင် ကျော်လွန်ခဲ့တယ်လို့သိရပါတယ်။ ခရီးသွားလုပ်ငန်းဟာ မော်ရိုကိုနိုင်ငံရဲ့ စီးပွားရေးမှာ အလွန်အရေးပါပြီး နိုင်ငံရဲ့ ဂျီဒီပီကို ၇ ရာခိုင်နှုန်းခန့် ပံ့ပိုးပေးထားနိုင်တယ်လို့ သတင်းတွေမှာ ဖော်ပြထားပါတယ်။ နိုဝင်ဘာလအထိ မော်ရိုကိုနိုင်ငံကို လာရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသွားအရေအတွက်ဟာ ယမန်နှစ်အလားတူကာလနဲ့ နှိုင်းစာရင် ၂၀ ရာခိုင်နှုန်း မြင့်တက်လာတယ်လို့ မော်ရိုကို ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောပါတယ်။ ။

ကိုးကား - ဆင်ဟွာ

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ နိုင်လွန်ကတ္တရာလမ်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ

မုံရွာ ဇန်နဝါရီ ၁

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလုံရပ်ကွက် ဗန္ဓုလလမ်း၊ ရတနာပုံရပ်ကွက်ရှိ အမှတ် ၁၊ အမှတ် ၂၊ အမှတ် ၃၊ အမှတ် ၄၊ အမှတ် ၅ လမ်းနှင့် မြသီတာလမ်း၊ လယ်တီရပ်ကွက် ဓမ္မာရုံလမ်း စုစုပေါင်းနိုင်လွန်ကတ္တရာလမ်း ၈ လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ အလုံရပ်ကွက် ဗန္ဓုလလမ်းသစ်မုခ်ဦးရှေ့တွင် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။



### ဖြည့်ဆည်းဆောင်ရွက်

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မုံရွာမြို့တွင်း လမ်းများအားလုံး ခေတ်မီနိုင်လွန်ကတ္တရာလမ်းများဖြစ်ပေါ်စေရေးအတွက် နိုင်လွန်ကတ္တရာစက်ရုံနှင့် ဆက်စပ်ယန္တရားအပြည့်အစုံကို စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ယခုဆိုလျှင် တစ်မြို့လုံးအနေဖြင့် နိုင်လွန်ကတ္တရာလမ်းပေါင်း ၁၅၅ လမ်း၊ အရှည်မိုင်အားဖြင့် ၆၁ မိုင်၊ ၀ ဒသမ ၇၁ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ မြို့ပေါ်ရှိလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးသကဲ့သို့ ဈေးအသစ်များအကောင်အထည်ဖော်ခြင်း၊ ဈေးဟောင်းများ ပြုပြင်မွမ်းမံအဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ လူထုအပန်းဖြေနားနေရန်နေရာများဆောင်ရွက်ပေးခြင်းနှင့် မြို့သာယာလှပရေး လုပ်ငန်းများကို အသစ်ဖန်တီးဖော်ဆောင်၍ ပြည်သူများ၏ လိုအပ်ချက်ကို အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ဇော်မင်းထွန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က မုံရွာမြို့ အလုံရပ်ကွက် ဗန္ဓုလလမ်း၊ ရတနာပုံရပ်ကွက် အမှတ် ၁၊ အမှတ် ၂၊အမှတ် ၃၊ အမှတ် ၄၊ အမှတ် ၅ လမ်းနှင့် မြသီတာလမ်း၊ လယ်တီရပ်ကွက် ဓမ္မာရုံလမ်း စုစုပေါင်း နိုင်လွန်ကတ္တရာလမ်း ၈ လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ အလုံရပ်ကွက်၊ ဗန္ဓုလလမ်းသည် အရှည် ၂၅၃၅ ပေ၊ အကျယ် ၁၈ ပေ၊ ရတနာပုံ ရပ်ကွက်အမှတ်(၁)လမ်းသည် အရှည်ပေ ၈၀၀၊ အမှတ်(၂)လမ်းသည် အရှည်ပေ ၉၁၀၊ အမှတ်(၃)လမ်းသည် ပေ ၁၀၀၀၊ အမှတ်(၄)လမ်းသည် အရှည်ပေ ၁၁၂၀၊ အမှတ်(၅) လမ်းသည် အရှည်ပေ ၁၂၅၀၊ မြသီတာလမ်းသည် အရှည်ပေ ၅၃၀၊ လယ်တီရပ်ကွက် ဓမ္မာရုံလမ်းသည် အရှည်ပေ ၈၀၀ ဖြစ်ကာ နိုင်လွန်ကတ္တရာလမ်း ၈ လမ်း၏ စုစုပေါင်း အရှည် ၈၉၄၅ ပေကို မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သည်။

### သွားရောက်ကြည့်ရှု

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ ဗန္ဓုလဈေး၌ အလျား ၁၂ ပေ၊ အနံ ၁၀ ပေရှိ ဈေးဆိုင်ခန်းပေါင်း ၄၄ ခန်းပါဝင်သည့် အလျား ၂၇၉ ပေ၊ အနံ ၂၄ ပေ RC နှစ်ထပ်အဆောက်အဦသစ် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ နှစ်သစ်ကြိုဆိုပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁**

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၅ ခုနှစ် နှစ်သစ်ကြိုဆိုပွဲ အခမ်းအနားကို မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဧရာဝတီမြစ်ကမ်းဘေးရှိ ဧရာဝတီ ရှုခင်းသာအပန်းဖြေစခန်း စီမံကိန်းနေရာ၌ ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီက နှစ်သစ်အကြို ဆုတောင်းဝတ်ပြုခြင်း၊ အကအလှများဖြင့် ဖျော်ဖြေခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။



ဦးစွာ ၂၀၂၅ ခုနှစ် နှစ်သစ်အကြို ဝတ်ပြုဆုတောင်းပွဲ အခမ်းအနားကိုပြုလုပ်ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ၂၀၂၄ ခုနှစ်အတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်၏ ရည်မှန်းချက်၊ ဦးတည်ချက်များနှင့်အညီ ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ အောင်မြင်မှုရရှိသည့် ကဏ္ဍများနှင့် တွေ့ကြုံခဲ့ရမှုများကို ရှင်းလင်းပြောကြားပြီး ယနေ့ ၂၀၂၄ ခုနှစ် နှစ်ဟောင်းကို နှုတ်ဆက်ပြီး ၂၀၂၅ ခုနှစ်ကို ရောက်ရှိတော့မည်ဖြစ်သည့်အတွက် ပိုမိုကောင်းမွန်တည်ငြိမ်အေးချမ်းသည့် ပြည်နယ်တစ်ခုဖြစ်လာစေရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နှစ်ခြင်းခရစ်ယာန်အသီးသီးမှ သိက္ခာတော်ရဆရာများ အဖွင့်ပဏာမကျမ်းချက်ဖတ်ခြင်းနှင့် ဆုတောင်းဆက်ကပ်ပေးကြပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ၂၀၂၄ ခုနှစ်အတွင်း ပြည်နယ်အတွင်း လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ ၂၀၂၅ ခုနှစ် နှစ်သစ်အတွက် ဆုတောင်းဆက်ကပ်ပေးနိုင်ရန် ဆုတောင်းခံချက်များနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဓမ္မတေးသီချင်းများ ကျူးခြင်း၊ နှစ်သစ်အတွက် ကောင်းချီးတောင်းခံခြင်း၊ နှစ်သစ်အကြို ဓမ္မဒေသနာတော်များ ဟောကြားခြင်း၊ ကောင်းချီးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနား တက်ရောက်လာသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အရပ်ဘက် လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားမျိုးနွယ်စုခေါင်းဆောင်များ၊ မြို့မိမြို့ဖများနှင့် အတူတကွ နှစ်သစ်အကြိုညစာကို တပျော်တပါး သုံးဆောင်ခဲ့ကြကာ တိုင်းရင်းသားရိုးရာအကအလှများ၊ ခေတ်ပေါ်အကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်ကြိုဆိုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ကာ Happy New Year ကို ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သာယာဝတီမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**သာယာဝတီ ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သာယာဝတီမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ကျွဲသတ်ကျေးရွာအုပ်စု၌ တစ်ကွင်းဆက်တည်း နွေစပါးဧက ၅၀ မျိုးစေ့ချကိရိယာ Drum Seeder ဖြင့် စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်မှသာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နွေစပါး နှစ်သီးရရှိနိုင်ရေး ကြိုတင်ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးသွားရန်၊ သဘာဝမြေဩဇာနှင့် တွဲဖက်သုံးစွဲသွားရန်နှင့် စိုက်ပျိုးရေကို စနစ်တကျ အကျိုးရှိရှိ သုံးစွဲသွားရန် ပြောကြားခဲ့ပြီး ဒေသခံတောင်သူများအတွက် သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့နယ် အုန်းတောစုကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးလာလူး၏ နို့စားနွားကောင်ရေ ၆၅ ကောင် မွေးမြူထားရှိမှုနှင့် တစ်ရက်လျှင် နွားနို့ပိဿာ ၁၆၀ ကျော်ထွက်ရှိပြီး ဒိန်ချဉ်နှင့် ပူတင်းထုတ်လုပ်ထားရှိမှုတို့ကို သွားရောက် ကြည့်ရှုအားပေးကာ နို့စားနွားအပြင် ဒေသနွားများကိုလည်း ခြံလှောင်စနစ်ဖြင့် တိုးချဲ့မွေးမြူသွားရန်၊ တိရစ္ဆာန်အစာအတွက် နေပီယာမြက်အား စိုက်ပျိုးသွားရန်၊ ပြည်ပသွင်းကုန်အစားထိုး နို့ဆီ၊ နို့စိမ်းများ တိုးမြှင့်ထုတ်လုပ်သွားရန်၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ သဘာဝမြေဩဇာ ထုတ်လုပ်သွားရန်နှင့် မွေးမြူရေးလုပ်ငန်းရှင်များ ကိုယ်တိုင် မေထုန်မဲ့သားစပ်ခြင်းများဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီပေးရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) ပန်းပွဲတော်သို့ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေသူများနှင့် စည်ကားများပြား

ပြင်ဦးလွင် ဇန်နဝါရီ ၁

**နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) ပန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေသူများနှင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။**

ပြင်ဦးလွင် - လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) အား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့် ခေတ်မီ 5D LED DIGITAL မှန်တံတား၊ ခေတ်မီကလေးကစားကွင်း၊ Jumping Cloud၊ ကြိုးတံတား၊ အလှသစ်လုံးအိမ်၊ တောတွင်းလျှောက်လမ်း၊ အမှတ်တရ အလှဓာတ်ပုံရိုက်ကူးရန်နေရာများ၊ အဆင်မြင့်ကော်ဖီဆိုင်နှင့် စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ဒေသထွက်ပစ္စည်းအရောင်းဆိုင်များနှင့် ဒေသထွက်အစားအစာစားသောက်ဆိုင်များအပြင် ဆင်လိမ္မာလေးများ၏ဖျော်ဖြေမှုများ၊ ကိုယ်တိုင်ပါဝင်သီဆိုနိုင်သော Unplugged တေးဂီတဖျော်ဖြေရေးအစီအစဉ်များကို စီစဉ်ထားရှိကာ Sky Cable Car နှင့် ဒိုင်နိုဆော ဥယျာဉ် (DINOSAUR KINGDOM) ကိုပါ ထပ်မံထည့်သွင်းတည်ဆောက်ဖွင့်လှစ်ထားရှိပြီး အပန်းဖြေစခန်းအတွင်း Buggy ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှု အပန်းဖြေနိုင်ရေးနှင့် လာရောက်အပန်းဖြေသူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ကြိုတင်ပြင်ဆင် စီမံထားရှိကြောင်း သိရှိရသည်။

ယခုနှစ်တွင် လာရောက်အပန်းဖြေသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေနိုင်ရေးနှင့် ပြင်ဦးလွင်၏ သဘာဝအလှအပရှုခင်းများကို ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းအတွင်း ကြည့်ရှုခံစားအပန်းဖြေနိုင်ရေးအတွက် သဘာဝရေတံခွန်များအပြင် ပန်းအလှဆင်ပညာရှင်များက ဒေသပန်းမျိုးရင်းများ၊ ပန်းမျိုးစိတ်များဖြင့် တီထွင်ဖန်တီးထားသည့် ပန်းအလှဆင်ပြကွက်များဖြစ်သော BE.FALLS logo နှင့် 3D ရုပ်လုံးကြွ ကနုတ်ပြကွက်များ ၊ မိသားစုနှင်းဆီပြကွက်၊ ဝင်္ကပါပန်းခင်းပြကွက်၊ UFO ပြကွက်၊ အသည်းနှစ်ထပ်ပန်းခင်းပြကွက်၊ ပန်းစကြာပုံစံပြကွက်၊ ရေလှိုင်းပုံစံပန်းလျှောက်လမ်းပြကွက်အပြင် ပန်းများဖြင့် အလှဆင်ထားသောစက်ဘီး၊ ပန်းလှည်းများ၊ အသည်းပုံ Photo Booth ပန်းခုံးများ၊ လိပ်ပြာပုံများ စသည်တို့ဖြင့် အလှဆင်ထားသည့် BE.FALLS ၏ ပန်းပွဲတော်ကိုလည်း စီစဉ်ပြုလုပ်ထားရှိကြောင်း သိရသည်။

ယခုအခါ နှစ်သစ်ကူးရုံးပိတ်ရက်ကာလဖြစ်သည့်အားလျော်စွာ ပြင်ဦးလွင်ဒေသခံပြည်သူများသာမက ပြည်တွင်းပြည်ပ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များအနေဖြင့် မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက် သော်လည်းကောင်း ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)သို့ အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်အပန်းဖြေအနားယူလျက်ရှိရာ ပန်းပွဲတော်ကာလအတွင်း ရုံးပိတ်ရက်များတွင် နေ့စဉ်လူဦးရေတစ်သောင်းကျော်ခန့် လာရောက်လည်ပတ်လျက်ရှိပြီး အပန်းဖြေစခန်းအတွင်းရှိ သဘာဝရေတံခွန်အလှအပများ၊ BE.FALLS ပန်းပွဲတော်ဧရိယာအတွင်း စိုက်ပျိုးထားရှိသော ပန်းအလှများနှင့် အမှတ်တရအလှဓာတ်ပုံရိုက်ကူးခြင်း၊ အပန်းဖြေခြင်းများ၊ Sky Cable Car စီးနင်းခြင်း၊ LED မှန်တံတားဖြတ်သန်းခြင်း၊ တောတွင်းလျှောက်လမ်းနှင့် Floating Jigsaw ဖြတ်သန်းခြင်း၊ ဒိုင်နိုဆောဥယျာဉ် (DINOSAUR KINGDOM) အတွင်း ကြည့်ရှုခြင်း၊ ဆင်လိမ္မာလေးများ၏ ဖျော်ဖြေမှုကို ကြည့်ရှုခြင်းများအပြင် BE.FALLS Music Band နှင့် Unplugged တေးသီချင်း သီဆိုခြင်းများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) ကို နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းများကဲ့သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) ပန်းပွဲတော်သို့ လာရောက်လည်ပတ်သည့် အများပြည်သူများကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

ယခင်နှစ်များနှင့် မတူအောင် ပန်းအလှဆင် နည်းပညာများ၊ ပန်းစိုက်ပျိုးနည်းပညာများ၊ ပန်းမျိုးများအကြောင်းကို လေ့လာရင်း မိသားစုနှင့်အတူ လက်ဆုံထမင်းစားပြီး တစ်နှစ်တာရဲ့ ပင်ပန်းနွမ်းနယ်မှုများကို အပန်းဖြေလျက် နှစ်သစ်ကို ကြိုဆိုကြသည်။

**လာရောက်လည်ပတ်**

ယခုလို နိုင်ငံတကာ နှစ်သစ်ကူးအကြိုနေ့အပါအဝင် ရုံးပိတ်ရက်များတွင် မိသားစုနှင့်အတူ မြန်မာနိုင်ငံ၏မြို့တော်ဖြစ်သည့် ပြင်ဦးလွင်မြို့ (ပန်းမြို့တော်) ရှိ တန်ခိုးကြီးဘုရားနှင့် အပန်းဖြေဥယျာဉ်အတွင်းသို့ လာရောက်လည်ပတ်ရသည့် အတွက် လည်ပတ်သူတို့စိတ်ကို လန်းဆန်းစေခြင်း၊ နှစ်သစ်အတွက် အားမာန်အပြည့်ရှိခြင်း၊ ဒေသထွက်ပစ္စည်းများကို ဝယ်ယူရရှိခြင်း၊ ရှားပါးဆေးဝါးများကို အလွယ်တကူ ဝယ်ယူရရှိသဖြင့် အလွန်ပင် ဝမ်းသာပီတိ ဖြစ်ရပါကြောင်း ခရီးသွား ပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွဲကပင်တောင် အတက်အဆင်းပြိုင်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁**

**(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်၏ ကျက်သရေဆောင် ဆံတော်ရှင်ဖွဲကပင်တောင် အတက်အဆင်းပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် ဖွဲကပင်တောင်ခြေ၌ကျင်းပရာ အသက်(၄၀)အောက် အမျိုးသား ၅၇၅ ဦး၊ အမျိုးသမီး ၅၅၀၊ အသက်(၄၀)အထက် အမျိုးသား ၁၅၀၊ အမျိုးသမီး ၈၉ ဦး စုစုပေါင်း ၁၃၆၄ ဦးဝင်ရောက်ယှဉ်ပြိုင်ကြသည်။**



အမြင့်ပေ ၂၇၀၀ ကျော်ရှိမက်စောက်မြင့်မားသော ဖွဲကပင်တောင်ကိုဖြတ်ကျော်၍ ပြိုင်ပွဲဝင်ရခြင်းဖြစ်ပြီး ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ဖွဲကပင်တောင်ခြေ အရှေ့ခြမ်း သစ်ခြကျေးရွာ တံတားဖြူတွင် သေနတ်ပစ်ဖောက်တာလွှတ်ပေးကာ ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်စေကာ ဖွဲကပင်တောင်ခြေအနောက်ခြမ်း တော်ပုံကျေးရွာ လုမ္ဗနီဥယျာဉ်အလယ်တန်းကျောင်းရှေ့တွင် ပြန်လည်ပန်းဝင်ခဲ့ခြင်းဖြစ်သည်။

ဖွဲကပင်တောင်အတက်/အဆင်းပြိုင်ပွဲ အသက်(၄၀)အောက် အမျိုးသားပြိုင်ပွဲတွင် ၅၃ မိနစ် ၃၅ စက္ကန့်၊ အမျိုးသမီး ၁ နာရီ ၂၁ မိနစ် အသက် (၄၀) အထက် အမျိုးသား ၁ နာရီ ၂၅ စက္ကန့်၊ အမျိုးသမီး ၁ နာရီ ၂၂ မိနစ်တို့တွင် ပြန်လည်ပန်းဝင်လာကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်တက်အားကစားဝါသနာရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဖွဲကပင်တောင်ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓမ္မကထိကဗဟုဇနဟိတဓရ သီရိပျံချီဘဒ္ဒန္တကဝိဇကေ အသက်အငယ်ဆုံးပြိုင်ပွဲနှစ်ဦးနှင့် အသက်အကြီးဆုံးပြိုင်ပွဲဝင်နှစ်ဦးတို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အသက် (၄၀) အောက် အမျိုးသား/အမျိုးသမီး နှစ်သိမ့်ဆု ၆ မှ ၅၀ အထိ၊ အသက်(၄၀)အထက် အမျိုးသား/အမျိုးသမီး နှစ်သိမ့်ဆု ၆ မှ ၃၅ အထိ ရရှိကြသူများကိုလည်းကောင်း၊ အသက်(၄၀)အောက် အမျိုးသားပြိုင်ပွဲနှင့် အသက်(၄၀)အထက် အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိကြသူများကိုလည်းကောင်း၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းဘေဘီမြင့်က အသက်(၄၀)အောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိကြသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အသက်(၄၀)အထက် အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိကြသူများအား တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(သာကေတ)ဆိုင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင် (သာကေတ) ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် (သာကေတ) ဆိုင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ရေနံဓာတ်ငွေ့ရည်ကို ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)၊ အမှတ်(၂) နှင့် အမှတ်(၃) ရေနံဓာတ်ငွေ့ရည် စက်ရုံတို့မှ မီးဖိုချောင်သုံးရေနံဓာတ်ငွေ့ရည်(ဖြူတိန်း)နှင့် စက်မှုလုပ်ငန်းသုံး (ပရိုပိန်း) တို့ကို ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ရေနံဓာတ်ငွေ့ရည်ကို မီးဖိုချောင်သုံး လောင်စာအဖြစ် အဓိကထား အသုံးပြုလျက်ရှိပြီး စီးပွားရေးလုပ်ငန်းများအနေဖြင့် ဟိုတယ်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအပြင်၊ မော်တော်ယာဉ်များတွင်လည်း အသုံးပြုလျက်ရှိသဖြင့် ပြည်သူများအတွက် များစွာအကျိုးရှိကြောင်း၊ ရေနံဓာတ်ငွေ့ရည်ကို မော်တော်ယာဉ်များတွင် အသုံးပြုမည်ဆိုပါက စက်သုံးဆီအသုံးပြုမှုထက် ကုန်ကျစရိတ် ပိုမိုသက်သာစေပြီး ပြည်ပမှ စက်သုံးဆီ တင်သွင်းမှုကိုလည်း လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှမှာယူတင်သွင်းပြီး ကျယ်ပြန့်စွာဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်၍ ယခုအရောင်းဆိုင်ကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေနံဓာတ်ငွေ့ရည် အသုံးပြုရာတွင် သုံးစွဲသူများအနေဖြင့် အသိပညာဗဟုသုတရှိပြီး လုံခြုံစွာဖြင့်အသုံးပြုနိုင်ရေး၊ သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေးတို့ကို ရတနာစုကုမ္ပဏီအနေဖြင့် ဆောင်ရွက်ပေးရန်၊ ရေနံဓာတ်ငွေ့ရည်သည် မီးလောင်လွယ်သည့် ပစ္စည်းဖြစ်သဖြင့် ရေနံဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူး ရောင်းချရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် Standard Operating Procedure များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက ခေတ်နှင့်အညီ ဆောင်ရွက်သွားနိုင်ရေးအတွက် IT နည်းပညာကို အသုံးချနိုင်ရေး Research Team ဖွဲ့စည်းဆောင်ရွက်သွားရေး ပြောကြားပြီး ရတနာစုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက ဆိုင်သစ်ဖွင့်လှစ်နိုင်ရေး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ရေနံဓာတ်ငွေ့ရည် ဖြန့်ဖြူးရောင်းချမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်တွင် ရေနံဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူး ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆီနေကြာအထွက်တိုးကောင်းမွန်စေရေး အသိပညာပေးဟောပြော

**ပင်းတယ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပင်းတယမြို့နယ် သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသော ဆီနေကြာသီးနှံအထွက်တိုးကောင်းမွန်စေရေး ပညာပေးဟောပြောပွဲကို မြို့နယ်သမဝါယမအသင်းစုခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်ထွန်းအောင်က ဆီနေကြာ ပန်းတိုင်အထွက်နှုန်းမီစေရန် ရှုရှားသဘာဝရွက်ဖျန်းမြေဩဇာအသုံးပြုမှု အဆင့်ဆင့်နှင့် ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွင်လွင်မော်က နေကြာစိုက်ပျိုးမှုနှင့် ပက်သက်၍ မျိုး၊ မြေ၊ ရေ၊ မြေဩဇာအသုံးပြုမှုများကို ရှင်းလင်းပြသပြီးနောက် တက်ရောက်လာသောအသင်းသားတောင်သူများက သိလိုသည်များ မေးမြန်းခြင်းကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ နေကြာသီးနှံအထွက်နှုန်းကောင်းမွန်စေရေး ပညာပေးဟောပြောပွဲသို့ သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပင်းတယမြို့နယ် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၀ သင်းမှ အသင်းသားတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် အိမ်ရာစီမံခန့်ခွဲရေးကော်မတီရုံးတို့ ရပ်ကွက်လုံးဆိုင်ရာ ဒုတိယအကြိမ်မြောက် ပူးပေါင်းကျင်းပသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးအထိမ်းအမှတ်အကြိုအားကစားပေါင်းစုံပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက (၉၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်၊ အဖွဲ့ဝင် (၂) ဦးကျော်မိုးကြည်၊ ရန်ကုန်တိုင်းအစိုးရအဖွဲ့ နည်းပညာအကြံပေးအရာရှိဦးဌေးလင်း၊ (၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ကျင်မောင်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ “ရွှေစင်အကယ်ဒမီရွှေဆိုင်”အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းမျိုးစုံ ၃ ပိဿာ ၅၅ ကျပ်သားခန့် (တန်ဖိုးငွေကျပ်သိန်း ၃၀၀၀၀ ခန့်)ကို လုယက်မှုကျူးလွန်သူ အမျိုးသားနှစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဟေမမာလာမြောက်ရပ်ကွက် ၇၇ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိ “ရွှေစင်အကယ်ဒမီရွှေဆိုင်” ၌ ရွှေဆိုင်ပိုင်ရှင် ဒေါ်ဝင်းဝင်းအေး (၅၂) နှစ်သည် ဆိုင်ပိတ်ပြီး ဆိုင်အတွင်း အရောင်းဝန်ထမ်းများနှင့်အတူရှိနေစဉ် နံပါတ်မပါ Click အနက်ရောင်ဆိုင်ကယ်တစ်စီးဖြင့် နှာခေါင်းစည်း တပ်ဆင်ထားသည့် အမျိုးသားသုံးဦး(စိစစ်ဆဲ)ရောက်ရှိလာပြီး တစ်ဦးမှာ ဆိုင်ပေါက်ဝတွင် စောင့်နေကာ ပစ္စတိုသေနတ်ကိုယ်စီ ကိုင်ဆောင်ထားသည့် အမျိုးသားနှစ်ဦးမှာ ဆိုင်အတွင်းသို့ဝင်ရောက်၍ သေနတ်ပြ ခြိမ်းခြောက်ပြီး ကောင်တာဘေးစားပွဲပေါ်တွင်တင်ထားသော ရွှေထည်အတုံး/ ဆွဲကြိုး/ လက်ကောက်ထည့်ထားသည့် ပလတ်စတစ်ပုံးသုံးပုံးအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ စုစုပေါင်း ရွှေအလေးချိန် ၃ ပိဿာ ၅၅ ကျပ်သားခန့် (တန်ဖိုးငွေကျပ်သိန်း ၃၀၀၀၀ ခန့်) အား လုယက်ယူဆောင် ထွက်ပြေးသွားကြောင်းသတင်းအရလုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး မဟာအောင်မြေမြို့မ ရဲစခန်း(ပ)၃၃၀/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုရေးဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ “ရွှေစင်အကယ်ဒမီ” ရွှေဆိုင်အား လုယက်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးအနက် 36W/ 96027 Honda CBR 150 အမျိုးအစားဆိုင်ကယ်အား ချမ်းအေးသာစံမြို့နယ် “အလင်းရောင်” ဆိုင်ကယ်ပြုပြင်ရေးဆိုင်၌ အမျိုးသားတစ်ဦး(စိစစ်ဆဲ)မှ ပြန်လည်ရောင်းချပေးရန် လာရောက်အပ်နှံထားကြောင်း သိရှိရ၍ စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သည့်တရားခံ ပုသိမ်ကြီးမြို့နယ် ဝွေ့ကြီးကုန်းကျေးရွာနေ ဖြိုးသက်အောင်(ခ)ဖြိုးလေး(၂၅) နှစ် (ဘ) ဦးတင်အောင်အား ဒီဇင်ဘာ ၂၃ ရက် ညနေ ၄ နာရီ မိနစ်၂၀ တွင် မဟာအောင်မြေမြို့နယ် ရဲမှွန်တောင်ရပ်ကွက်ရှိ “K-Mandalay” လက်ဖက်ရည်ဆိုင် အနီး၌ ဖမ်းဆီးရမိခဲ့ပြီး လုယက်ကျူးလွန်ရာမှ ဝေစုအဖြစ်ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများကို ၎င်းနေအိမ်၌ သိမ်းဆည်းထားကြောင်း ထွက်ဆိုချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ ၎င်း၏နေအိမ်ရှိ Air Cooler အတွင်းမှ သက်သေခံရွှေထည်ပစ္စည်းမျိုးစုံ ၆၂ ကျပ်သား၊ ၄ ပဲ၊ ၂ ရွေးကို သိမ်းဆည်းရမိခဲ့သည်။



(ဝဲမှယာ) ဖြိုးသက်အောင်(ခ)ဖြိုးလေး၊ ဇင်မျိုးထိုက်(ခ)ဇင်မျိုး

ဖမ်းဆီးရမိ ဖြိုးသက်အောင် (ခ) ဖြိုးလေး၏ ထွက်ဆိုချက်အရ လုယက်မှုကျူးလွန်ရာ၌ ပါဝင်သူ ချမ်းအေးသာစံမြို့နယ် မောရဂီဝါ ရပ်ကွက်နေ ဇင်မျိုးထိုက် (ခ) ဇင်မျိုး (၂၉)နှစ်(ဘ)ဦးဖဲမောင်အား ဒီဇင်ဘာ ၂၄ ရက် နံနက် ၂ နာရီခွဲတွင် ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် SGG – 47W/ 12410 Honda Click ဆိုင်ကယ်တစ်စီး၊ နေအိမ်အပေါ်ထပ်ရှိ Air Con အပေါ်မှ လုယက်ကျူးလွန်ရာမှဝေစုအဖြစ်ရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ (၂၄) ကျပ်သားခန့်ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက် ည ၁၀ နာရီခွဲတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်တွင် နေထိုင်သော ဖမ်းဆီးရန်ကျန်အောင်မျိုးသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အောင်မျိုးသူအား တွေ့ရှိရခြင်းမရှိဘဲ ၎င်းအသုံးပြုသော KYN-47B/5913 Honda Fit ယာဉ်၏လေထိုးစက်အံဝှက်ခန်းအတွင်းမှ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ ၇၈ ကျပ် ၅ မူးသားအားလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ ဖြိုးသက်အောင် (ခ) ဖြိုးလေးနှင့် ဇင်မျိုးထိုက် (ခ) ဇင်မျိုးတို့၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၀ရက်တွင် ၎င်းတို့နှင့် ခင်မင်ရင်းနှီးသူ မြဝတီမြို့နေ ဖမ်းဆီးရန်ကျန် အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့နှစ်ဦးမှာ မန္တလေးမြို့သို့ရောက်ရှိနေကြောင်း သိရှိရသဖြင့် သွားရောက်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် အောင်မျိုးသူထံတွင် ပစ္စတိုသေနတ်နှစ်လက်ရှိကြောင်း၊ ၎င်းပစ္စတိုသေနတ်များအား အသုံးပြုကာ အောင်မျိုးသူက ခေါင်းဆောင်၍ ၎င်းတို့လေးဦးသည် မဟာအောင်မြေမြို့နယ် ဟေမမာလာမြောက်ရပ်ကွက် ၇၇ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိ “ရွှေစင်အကယ်ဒမီ” ရွှေဆိုင်အား ဝင်ရောက်လုယက်ရန် တိုင်ပင်ခဲ့ကြကြောင်း၊ နောက်ရက်များတွင် “ရွှေစင်အကယ်ဒမီ”ရွှေဆိုင်အနီး ပတ်ဝန်းကျင်သို့ သွားရောက်ကာ တစ်ဦးချင်းအလှည့်ကျ ခုနစ်ရက်ခန့် အခြေအနေစောင့်ကြည့်ခဲ့ကြပြီး ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီအချိန်တွင် ရွှေဆိုင်လုံခြုံရေးဝန်ထမ်းပြန်သွားပြီးနောက် ဖြိုးသက်အောင်(ခ) ဖြိုးလေး၊ ဝင်းမြတ်သူ၊ အောင်မျိုးသူတို့မှ CLICK ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ဇင်မျိုးထိုက် (ခ) ဇင်မျိုးက CBR ဆိုင်ကယ်ဖြင့်လည်းကောင်း သွားရောက်ခဲ့ ပြီး ဇင်မျိုးထိုက် (ခ) ဇင်မျိုးမှ ရွှေဆိုင်အနီး၌ CBR ဆိုင်ကယ်ကို ကျယ်လောင်ဆူညံစွာ မောင်းနှင်၍ ပတ်ဝန်းကျင်ကို အာရုံလွှဲထားပြီး အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့က ပစ္စတိုသေနတ်များကိုယ်စီကိုင်ဆောင်၍ ဖြိုးသက်အောင်(ခ)ဖြိုးလေးနှင့်အတူ ရွှေဆိုင်အတွင်း ဝင်ရောက်ကာ ဆိုင်ဝန်ထမ်းများကို သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှု ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းများကို ခေါင်းဆောင်ဖြစ်သူ အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့က တစ်ပုံ၊ ဖြိုးသက်အောင်(ခ)ဖြိုးလေး နှင့် ဇင်မျိုးထိုက်(ခ) ဇင်မျိုးတို့က တစ်ပုံစီ အသီးသီးခွဲဝေယူခဲ့ကြောင်း၊ ရွှေထည်ပစ္စည်းများကို ခွဲဝေရာတွင်ချိန်ခွင်ဖြင့် အတိကျမခွဲဘဲ အရွယ်အစားအလိုက် ခန့်မှန်း၍ ဆွဲကြိုး၊ ခေါက်သီး၊ လက်ကောက်၊ လက်စွပ်၊ အကြီးအသေးစသည်တို့ကို အချိုးကျခွဲဝေယူခဲ့ကြခြင်းဖြစ်ကြောင်းနှင့် လုယက်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ပစ္စတိုသေနတ်

စာမျက်နှာ ၂၁ သို့





(ဝဲမှယာ) ဖမ်းဆီးရန်ကျန် ဝင်းမြတ်သူ၊ အောင်မျိုးသူ

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်မျက်ရတနာများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ခရီးစဉ်အမှတ် TG-301/SF-11990 ဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ လိုက်ပါလာသည့် အိန္ဒိယနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စိန်ဟုယူဆရသော အဖြူရောင်ကျောက်ပွင့် (အသေး) ၅၅၀ ဒသမ ၁ ဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၀၁၇၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Pajero မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၅၃၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၄၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၂၂၀၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ (၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၂၃၉၄၀၄၀) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

**သတင်းစဉ်**

## ပျဉ်းမနားမြို့ သံဃာ့ဆေးရုံကြီး၌ ၂၀၂၄ ခုနှစ် ၁၁ လတာ ကာလအတွင်း ရဟန်းသံဃာ၊ သီလရှင် ၇၅၄၅ ဦးကို ကုသပေးခဲ့ပြီး ဆေးဖိုးငွေကျပ်သိန်း ၄၃၀၀ ကျော် လှူဒါန်းပေးခဲ့

ရန်ကုန် ဇန်နဝါရီ ၁

၂၀၂၄ ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာ ၁၁ လအတွင်း ပျဉ်းမနားမြို့ သံဃာ့ဆေးရုံကြီး၌ ရဟန်းသံဃာ၊ သီလရှင် ၇၅၄၅ ဦးကို ကုသပေးနိုင်ခဲ့ပြီး ဆေးဖိုးငွေကျပ်သိန်း ၄၃၀၀ ကျော် လှူဒါန်းပေးခဲ့ကြောင်း အဆိုပါဆေးရုံ၏ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးရေးသားထားသည်။

အဆိုပါလူနာများအနက် သံဃာ၊ သီလရှင်များတွင် ဖျားနာလူနာ၊ ခွဲစိတ်လူနာ၊ အရိုးအကြောလူနာ၊ ကျောက်ကပ်လူနာ၊ ကင်ဆာလူနာ၊ လေဖြတ်လူနာ စသဖြင့် လူနာမျိုးစုံပါဝင်နေခဲ့ကြောင်းလည်း ဖော်ပြထားသည်။

ပျဉ်းမနားမြို့ သံဃာ့ဆေးရုံကြီးသည် မြန်မာပြည်အလယ်ပိုင်း ရဟန်းသံဃာ၊ သီလရှင်များအားထားရာ ဆေးရုံကြီးဖြစ်သည်နှင့်အညီ ယခုအခါ ၂၀၂၄ ခုနှစ်ကုန်ဆုံး၍ ၂၀၂၅ နှစ်သစ်ကို ရောက်ရှိလာခဲ့ပြီဖြစ်၍ နှစ်သစ်ဦး အလှူဒါနပြုချင်သူများအတွက် ဂိလာန သံဃာ၊ သီလရှင်များကို ဆေးကုသစရိတ်လှူဒါန်းရင်း နှစ်သစ်ကို ကြိုဆိုပေးကြရန်လည်း နှိုးဆော်ထားသည်။



ပျဉ်းမနားမြို့ သံဃာ့ဆေးရုံကြီးတွင် သံဃာတော်နှင့် သီလရှင်များ ကျန်းမာရေးကုသရန် စမ်းသပ်စစ်ဆေးမှု ခံယူနေစဉ်။

မေသက်

## နမ့်စန်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်း အခမ်းအနားကျင်းပ

နမ့်စန် ဇန်နဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်ဆန်းစစ်စီမံခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နမ့်လစ်ကျေးရွာအုပ်စု လွယ်ဆိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



ဦးစွာ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းတို့က အမှာစကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးအန္တရာယ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးနှင့် လူမှုရေးပင်စင်တို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများက အသိပညာပေး ဟောပြောရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများကလိုအပ်သည်များ တင်ပြကြပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ယင်းကြား တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့အား အလှူငွေများ ပေးအပ်ပြီး နမ့်လစ်ကျေးရွာအုပ်စုရှိ တိုင်းရင်းသားများ၏ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်မှု ဆန်းစစ်စီမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)

## ပြင်ဦးလွင်မြို့နယ်အတွင်း ပလတ်စတစ်ကင်းစင်ရေး စုပေါင်းအမှိုက်ကောက်ပြီး လက်ကမ်းစာစောင်ဖြန့်ဝေ

ပြင်ဦးလွင် ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ပလတ်စတစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်နိုင်ရေး စုပေါင်းအမှိုက်ကောက်ခြင်းနှင့်၊ အမှိုက်ထည့်ရန် စက္ကူအိတ်များဖြန့်ဝေခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း ကမ်ပိန်းအား ယနေ့နံနက် ၈ နာရီမှစတင်၍ မန္တလေး – လားရှိုးလမ်း ကျောက်တောင်မြို့ဝင်နေရာမှ ကျောက်တောင်ဘုရားရှေ့ထိ လမ်းဘေးဝဲယာ အမှိုက်ကောက်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်အမှုဆောင်အရာရှိ ဦးကျော်ခိုင်နှင့်ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝန်ထမ်းများ၊ ခရိုင်/ မြို့နယ်



မီးသတ်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၂၀၀ တို့ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ညောင်လေးပင်ခရိုင် မူးမြို့နယ် သေဂေလူရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များထောင်ထားသည့် မိုင်းနင်းမိပြီး ဒေသခံပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး မူးမြို့နယ် သေဂေလူရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထောင်ထားသည့် မိုင်းနင်းမိပြီး ဒေသခံပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းဖြစ်စဉ်မှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် လူနေမြို့၊ ရွာ၊ ရပ်ကွက်များအတွင်း တိုက်ပွဲများ ဖော်ဆောင်ခြင်းများကြောင့်ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်မှ ယာယီနေရပ်စွန့်ခွာနေရကြောင်း၊ အကြမ်းဖက်သမားများ အနေဖြင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းများ လုပ်ဆောင်နေသည်ကိုပြည်သူအားလုံး အသိပင်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းကြောင့် ပြည်သူများ သေဆုံးရသည်ကို ဖုံးကွယ်ပေးရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင် လွဲမှားစေရန်အတွက် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

## ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ်သိန်း ၅၇၅၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြားနှစ်သိန်း ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁

ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ်သိန်း ၅၇၅၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြားနှစ်သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်၊ ၃၅ လမ်းနှင့် ၅၅ လမ်းထောင့်တွင် ဟိန်းသူအောင် မောင်းနှင်ပြီး သန်းဇော်ငြိမ်း လိုက်ပါလာသည့် HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၂ ဒသမ ၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၃ နာရီခွဲအချိန် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်၊ ၅၄(A)လမ်း x ၃၂(A)လမ်းထောင့်ရှိ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ သိန်းနိုင်ဦး၏ နေအိမ်မှ ဘိန်းဖြူ ၈ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားနှစ်သိန်း ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၇၅၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြားနှစ်သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

*စာမျက်နှာ ၂၀ မှ*

နှစ်လက်မှာ အောင်မျိုးသူမှ မြဝတီမြို့၌နေထိုင်စဉ် အမျိုးသားတစ်ဦး(စိစစ်ဆဲ) ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ရွှေစင်အကယ်ဒမီရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများကို လုယက်မှုကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိဖြိုးသက်အောင်(ခ) ဖြိုးလေးနှင့် ဇင်မျိုးထိုက် (ခ) ဇင်မျိုးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန် အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့ကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ *ကျောဖုံးမှ*

ပျက်ပြယ်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းသည် အုပ်စု (B) တွင် ပါဝင်ခဲ့ပြီး လာအိုအသင်းကို လေးဂိုး–တစ်ဂိုး၊ အင်ဒိုနီးရှားကို တစ်ဂိုး–ဂိုးမရှိ၊ မြန်မာအသင်းကို ငါးဂိုးပြတ်အနိုင်ရပြီး ဖိလစ်ပိုင်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ ဆီမီးဖိုင်နယ်တွင် စင်ကာပူကို နှစ်ကျော့စလုံး အနိုင်ယူကာ ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ ထိုင်းအသင်းမှာမူ အုပ်စု (A) တွင် ပါဝင်ပြီး တီမောအသင်းကို ၁၀ ဂိုး–ဂိုးမရှိ၊ မလေးရှားအသင်းကို တစ်ဂိုး – ဂိုးမရှိ၊ စင်ကာပူအသင်းကို လေးဂိုး–နှစ်ဂိုး၊ ကမ္ဘောဒီးယားအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ဖိလစ်ပိုင်အသင်းကို အဝေးကွင်း၌ နှစ်ဂိုး–တစ်ဂိုးဖြင့် အရေးနိမ့်သော်လည်း အိမ်ကွင်းပွဲတွင် သုံးဂိုး–တစ်ဂိုးဖြင့် ပြန်အနိုင်ရကာ နှစ်ကျော့ပေါင်း လေးဂိုး–သုံးဂိုးဖြင့် တက်ရောက်လာခြင်းဖြစ်သည်။

Asean Cup ပြိုင်ပွဲတွင် လေးသင်းသာ ချန်ပီယံဆုရဖူးပြီး ထိုင်းအသင်းက ခုနစ်ကြိမ်၊ စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်နှင့် မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

ရဲရင့်လွင် ၊ဓာတ်ပုံ–FAT

# အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းလွှာ

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ၁၃၈၆ ခုနှစ်၊ မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ၂၈-၁၂- ၂၀၂၄ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

အခမ်းအနားသို့ မွန်မြတ်သော စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေနှင့်အဝတ်အထည်များ ဦးဆောင်ထည့်ဝင်လှူဒါန်းပေးပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အလှူငွေများ ထည့်ဝင်လှူဒါန်းပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)ဦးဗိုလ်ငွေးနှင့်ကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနချုပ်(နေပြည်တော်)၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များနှင့်တကွ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## တန့်ယန်းမြို့နယ်၌ ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၇၀ ထုတ်ချေး

**တန့်ယန်း ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်လောက်ကျေးရွာနှင့် ကွန်ဟုံးကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက တော်လောက်ကျေးရွာ၌ ကွင်းဆင်းထုတ်ချေးသည်။



ဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၇၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက တော်လောက်ကျေးရွာနှင့် ကွန်ဟုံးကျေးရွာတို့တွင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်မည့်သူ စုစုပေါင်းအသင်းသူ၊ အသင်းသား ၃၄ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၇၀ ကို အတိုးနှုန်းသက်သာစွာဖြင့် နဝမအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**

## သမဝါယမအသင်းသားပြည်သူများကို ဆန်နှင့် မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမ အရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်နိုင်စေရန်နှင့် စားသုံးသူ အသင်းသားပြည်သူများ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းမှ ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၂၅၀၊ တန်ဖိုးငွေကျပ်သိန်း ၃၇၀ နှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့် ၁၃၅ ပိဿာ တန်ဖိုးငွေကျပ် ၂၆ ဒသမ ၃၂ သိန်း၊ စုစုပေါင်းငွေကျပ် ၃၉၆ ဒသမ ၃၂ သိန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်ကြီး၌ ဆီနေကြာစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် သံတဲကျေးရွာအုပ်စု ပန့်ပုန်းကျေးရွာ ပန်းချယ်ရီ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် ကုန်းမို့ကျေးရွာ ရွှေအားမာန်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းများရှိ သမဝါယမအသင်းသားပိုင် လယ်ယာမြေများတွင် ရေဆင်းစပ်မျိုး ဆီနေကြာ စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများ ယနေ့တွင် ကွင်းဆင်းကြည့်ရှုကြသည်။



ထို့နောက် ပြည်နယ်ဦးစီးမှူးက မြေအနေအထား၊ စိုက်ပျိုးထားရှိသည့် မျိုးနှင့် ရာသီဥတုအပေါ် မူတည်၍ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးနှင့် အသီးအရွက်အားဆေးများအား စနစ်တကျအသုံးပြုနိုင်ရေး စိုက်ပျိုးရေးပညာရှင်များနှင့် ပေါင်းစပ်ဆောင်ရွက် သွားကြရန်နှင့် ထွက်ရှိလာသော ဆီနေကြာများကိုသမဝါယမအသင်းစုပိုင် ဆီကြိတ်စက်များတွင် ကြိတ်ခွဲစေပြီး သမဝါယမအသင်းသားများနှင့် ပြည်သူများအား အရည်အသွေး ပြည့်မီသောနေကြာဆီများ ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

တောင်ကြီး မြို့နယ်ရှိ သမဝါယမ အသင်းသားပိုင် လယ်ယာမြေများတွင် ဆီနေကြာဧက ၁၇၀၀ ကျော် စိုက်ပျိုးထားရှိပြီး ထွက်ရှိလာသောနေကြာများကိုသမဝါယမအသင်း အချင်းချင်း ချိတ်စပ်၍နေကြာဆီကြိတ်ခွဲရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/4546 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/ ၇၀၀၆၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/6342, VOLK SWAGEN GOLF GTI, Hatch Back (4xR) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးဇာခြည်ထက် ၉/ရမသ(နိုင်)၁၁၄၅၃၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### အမည်ပြောင်း

ဟသ်ာတမြို့နေ ဦးသိန်းဝင်း-ဒေါ်သီတာအေး တို့၏ သား ပြည့်ဖြိုးကို ၁၄/ဟသတ(နိုင်)၂၆၈၃၆၉အား မင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မင်းထက်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ရေငံကျေးရွာအုပ်စု၊ ရေငံရွာသစ်ကျေးရွာနေ မဖြူဖြူဖွေး၏ ဖခင် ဦးပိတုန်း(ခ)ဦးဝင်းရွှေ ၉/မလန(နိုင်)၀၁၄၄၁၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဒေါ်နှင်းယုယုမွန်(ဘ)ဦးမျိုးနောင် (၁၂/ဥကမ(နိုင်)၁၉၄၅၇၄)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင်နေထိုင်သူ ဦးဇော်မျိုးထက်(ဘ)ဦးခင်မောင်ညွန့် (၉/မခန(နိုင်)၁၈၆၄၅၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းယုယုမွန်(ဘ)ဦးမျိုးနောင် (၁၂/ဥကမ(နိုင်)၁၉၄၅၇၄)နှင့်ဦးဇော်မျိုးထက်တို့သည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့ကြပြီး သားတစ်ဦး ထွန်းကားခဲ့ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဦးဇော်မျိုးထက်သည် ဒေါ်နှင်းယုယုမွန်၏ တရားဝင်ခင်ပွန်းအဖြစ်တည်မြဲလျက်ရှိကြောင်း၊ ဒေါ်နှင်းယုယုမွန်သည် တစ်ဦးတည်းသောသားဖြစ်သူ၏ မိခင်အဖြစ် ရပ်တည်လျက်ရှိကြောင်း တစ်စုံတစ်ရာ အပြောင်းအလဲဖြစ်ရန် အကြောင်းမရှိသော်လည်း ဒေါ်နှင်းယုယုမွန်၏ လူမှုရေးပြဿနာကြောင့် ခင်ပွန်းဖြစ်သူ ဦးဇော်မျိုးထက်အနေဖြင့် လုံးဝခွင့်မလွှတ်နိုင်ပါသဖြင့် ယခု ပေါ်ပေါက်သောလက်ထပ်ပွားပစ္စည်းနှင့် နောင်အခါ ဖြစ်ထွန်းတိုးပွားပေါ်ပေါက်လာမည့် လက်ထပ်ပွားပစ္စည်းများအားလုံးတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဒေါ်နှင်းယုယုမွန်ထံသို့ ခွဲဝေပေးမည်မဟုတ်ကြောင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း ဒေါ်နှင်းယုယုမွန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မျိုးထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာနည်နေဝင်း ဒေါ်ခင်နီလာအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၇၃) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၉၉၃)**
**အမှတ်-၆၀/ဒီ၊ ပထမထပ်၊အေးရိပ်သာ၂လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊**
**ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph-09-43081694, 09-5228165**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် -၁၅ (ဖလွှာ/ခေါင်းရင်းခန်း)တွင် နေထိုင်သူ ဒေါ်ခင်မာထွေး (ဘ)ဦးလှမြင့် ၇/ဝမန(နိုင်) ၁၀၁၇၃၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

လွှဲအပ်ညွှန်ကြားသူ ဒေါ်ခင်မာထွေးနှင့် ဦးအောင်ကျော်ဟိန်း(ဘ)ဦးကျော်သန်း ၁၂/တမန(နိုင်) ၁၀၉၇၂၄သည် (၂၁-၃-၂၀၀၆)ရက်က ထိမ်းမြားလက်ထပ်ခဲ့ပြီး သားသမီးမထွန်းကားခဲ့ပါ။ ယခုအခါ တစ်ဦးနှင့်တစ်ဦး တရားဝင်အကြင် လင်မယားအဖြစ်ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့ပါသဖြင့် (၂၄-၁၂-၂၀၂၄)ရက်တွင် ဗဟန်းမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူတရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းများကို ခွဲဝေပြီးဖြစ်ပါကြောင်း၊ နောက်နောင် ဦးအောင်ကျော်ဟိန်းနှင့် ပတ်သက်၍ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝအားလုံးတို့သည် ဒေါ်ခင်မာထွေးနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာထွေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာနည်နေဝင်း ဒေါ်ခင်နီလာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၉၃)**
**အမှတ် ၆၀/ဒီ၊ ပထမထပ်၊ အေးရိပ်သာ(၂)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊**
**ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၀၈၁၆၉၄၊ ၀၉-၅၂၂၈၁၆၅**

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/3487 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/21825, Shayan 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြတ်မွန် ၉/ခမစ (နိုင်) ၀၃၁၇၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/74988, Honda C90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းစိန် ၉/ခအဇ(နိုင်) ၀၀၇၀၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## အကြိမ်(၇၀)မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု
င - ၆၁၃၂၃၀

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု
ဃ - ၃၃၆၀၆၈

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု
ဈ - ၉၀၂၆၈၈

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ
| | |
|---|---|
| စ - ၃၅၄၁၈၇ | ဈ - ၇၅၇၁၆၆ |
| ဃ - ၃၆၉၄၀၇ | င - ၉၃၆၆၃၆ |

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ
| | |
|---|---|
| ဈ - ၁၄၀၂၁၇ | ဈ - ၃၆၁၈၀၂ |
| စ - ၂၁၄၃၅၉ | က - ၉၅၈၃၄၄ |
| ဆ - ၃၃၃၄၆၈ | |

ကံထူးရှင်(၅)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ
| | | |
|---|---|---|
| ဂ - ၁၁၂၀၉၉ | ဈ - ၅၈၈၁၉၆ | စ - ၈၂၀၅၂၁ |
| ဈ - ၁၃၆၀၆၁ | ခ - ၆၁၁၉၁၆ | င - ၈၃၂၉၂၁ |
| ခ - ၂၀၇၅၇၈ | ဃ - ၈၀၅၉၉၀ | ဂ - ၉၉၈၃၁၅ |
| ခ - ၄၇၈၄၂၉ | | |

ကံထူးရှင်(၁၀)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ
| | |
|---|---|
| စ - ၁၂၀၂၉၅ | ဂ - ၇၇၇၉၈၁ |
| ဃ - ၁၄၀၄၃၆ | င - ၈၁၂၄၆၁ |
| ဃ - ၁၅၈၉၅၈ | ဆ - ၈၁၆၆၈၆ |
| က - ၂၉၀၂၉၂ | စ - ၈၁၇၄၂၀ |
| ဂ - ၃၈၃၂၆၆ | ခ - ၈၉၈၉၃၁ |
| က - ၆၂၈၆၅၃ | ဈ - ၉၅၆၇၃၃ |
| စ - ၇၁၄၄၃၁ | |

ကံထူးရှင်(၁၃)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ
| | | |
|---|---|---|
| ဂ - ၂၀၀၃၉၈ | င - ၃၃၀၃၁၁ | င - ၇၃၆၈၂၅ |
| င - ၂၂၁၄၆၇ | စ - ၃၆၅၄၀၇ | င - ၈၀၀၁၄၉ |
| ဈ - ၂၃၄၆၉၇ | က- ၄၇၀၈၀၂ | ဂ - ၈၉၂၀၉၅ |
| ခ - ၂၄၃၆၆၉ | ဆ- ၄၉၂၁၇၉ | င - ၉၈၅၉၁၃ |
| က- ၂၄၅၄၄၂ | ဂ - ၆၀၆၃၁၄ | ခ - ၉၉၄၁၀၄ |
| က- ၂၇၄၂၀၀ | | |

ကံထူးရှင်(၁၆)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ
| | |
|---|---|
| က- ၁၂၈၀၀၂ | ခ - ၆၄၃၅၈၃ |
| က- ၁၈၇၈၁၆ | ဈ - ၇၀၁၇၈၆ |
| ဈ - ၂၅၇၁၃၆ | စ - ၇၄၈၆၁၉ |
| စ - ၃၆၈၀၃၁ | င - ၇၇၅၆၁၇ |
| ဆ- ၃၇၂၉၆၇ | က - ၈၄၂၁၃၀ |
| င - ၅၀၁၉၅၅ | ဂ - ၈၆၉၃၃၀ |
| ခ - ၅၈၀၉၁၅ | ဈ - ၉၃၆၁၂၄ |
| ဈ - ၅၈၆၅၂၆ | |

ကံထူးရှင်(၁၅)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်
င - ၁၂၆၂၁

ဆ - ၁၇၀၄၃

င - ၈၇၃၂၉

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၈)ယူနစ်
| | |
|---|---|
| က - ၂၀၆၂ | က - ၇၀၁၃ |
| ဃ - ၃၆၄၇ | င - ၇၂၆၀ |
| ဂ - ၃၉၄၅ | ဃ - ၈၉၀၂ |
| င - ၄၆၁၀ | ဂ - ၉၆၉၆ |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၈၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၆)ယူနစ်
| | | |
|---|---|---|
| ဆ - ၄၀၀ | ခ - ၇၂၉ | ခ - ၇၈၀ |
| ဂ - ၄၅၁ | ဂ - ၇၅၁ | ဈ - ၉၃၆ |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၆၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်
ဈ - ၄၂ က - ၆၇ ဈ - ၉၅

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၃၀၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်
က - ၃

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ
| | |
|---|---|
| ဆ - ၃၉၀၄၀၆ | ဂ - ၇၆၇၄၆၆ |
| ဆ - ၄၆၆၂၉၅ | ဈ - ၉၀၉၄၁၄ |

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်
က - ၃၆၅၉၅ စ - ၈၄၆၈၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်
က - ၁၀၀၇ ဂ - ၁၈၂၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်
စ - ၂၀၉ ဃ - ၂၄၀

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လ (၁)ရက်နေ့တွင် ကျင်းပသည့် အကြိမ်(၇၀)မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၃၉၁၂၀)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်(၁၃၉၁၂၀)ဦး ဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၇၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၈)လုံး ဖြစ်ပါသည်။

၃။ အကြိမ်(၇၀)မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို(၂-၁-၂၀၂၅)ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို(၁၃-၁-၂၀၂၅) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း၊မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း၊မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၄၃/ ထ/၁၆ - ရပ်ကွက်၊ သီတာ(၁)လမ်း၊ အမှတ်-(၈၄၀)ဟုခေါ်တွင်သော အိမ်ခြံမြေပေ (၄၀x၆၀)နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ရတနာမဉ္ဇူလမ်း၊ အမှတ်-(၂၇)တွင်နေထိုင်သော ဦးမြင့်လှိုင် (၈/တတက(နိုင်) ၁၆၅၅၉၇) ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၄၃/ထ/၁၆-ရပ်ကွက်၊ သီတာ(၁)လမ်း၊ အမှတ်-၈၄၀ ဟုခေါ် တွင်သော အိမ်ခြံမြေ ပေ(၄၀x ၆၀)နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဒေါ်ညိုညိုခင် (၁၂/ရကန(နိုင်) ၀၁၉၇၄၇) ထံမှ အဆင့်ဆင့် ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်၍ ယခုတွင်လက်ရောက်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ဝေဝေလွင် (၁/ ဟပန(နိုင်)၀၁၀၇၉၀) ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် (၃၁-၁၂- ၂၀၂၄)ရက်တွင် အိမ်ခြံမြေတန်ဖိုးအနက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးနောက် အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်အား (၃၁-၁-၂၀၂၅)ရက် နောက်ဆုံးထား၍ ပြုလုပ်ချုပ်ဆိုကြမည်ဖြစ်ပါသည်။ ထိုသို့ ဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေနှင့် ရောင်းချသူ ဒေါ်ဝေဝေလွင်တို့ အရောင်းအဝယ်ပြုလုပ်ကြမည့် အထက်လိပ်စာပါ အိမ်ခြံမြေနှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ထိုအိမ်ခြံမြေ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက အိမ်ခြံမြေတန်ဖိုးငွေကျပ်ကို တစ်လုံးတစ်ခဲတည်းပေးချေ၍ အိမ်ခြံမြေအပြီး သတ်အရောင်းအဝယ်ကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်စိုး (LL.B.) တရားလွှတ်တော်ရှေ့နေ စဉ်-၁၅၉၄၆**
**အမှတ်-၂၁၆(ခ)၊ မန္တလေးလမ်း၊ ၆/၉-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း-၀၉-၄၅၆၂၂၂၂၁၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၂၊ ဦးပိုင်အမှတ် ၇၂/၂၀x၂၁ ကြား၊ ၆၂x၆၃ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်တင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၄၁၃၀/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် ဦးသန်းဝင်း ၉/မနမ(နိုင်)၀၅၅၈၀၅၊ ဒေါ်တင်တင်နွဲ့ ၉/မနမ(နိုင်)၀၀၇၀၂၉တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၄၄၊ ဦးပိုင်အမှတ် ၂၉/ဒေါနဘွားကားကြီးကွင်းနှင့်၁၉လမ်းကြား၊ ဖောင်တော်ဦးကျောင်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဇင်ဇင်ကိုလေး ၉/အမဇ(နိုင်) ၀၁၅၂၉၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် A-၁၀-က၊ ဦးပိုင်အမှတ် ၁-ဃ၊ ၅၄လမ်း၊ ၂၉x၃၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ထွန်း ၅/ဘတလ(နိုင်)၀၁၅၃၇၀၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၁၈၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းအေးဆွေ ၁၃/တကန(နိုင်)၀၈၅၉၄၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြံ်ာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၆၈၅၊ ဦးပိုင်အမှတ် ၂၄-ဒ/၃၈လမ်း၊ ၇၃x၇၄ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဝင်းမင်းအောင် ၉/မရမ(နိုင်) ၀၀၆၆၉၁ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၄၃၊ ဦးပိုင်အမှတ် ၆၆က+၆၉/၈၁လမ်း၊ ၃၅x၃၆ ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဉာဏ်ဝင်းထွန်း ၁/ဗမန(နိုင်) ၀၅၀၁၀၉ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

